
www.burmeseclassic.com



# သူမောင် အကြွး

www.burmeseclassic.com

www.burmeseclassic.com

ရန်အောင်စာပေ-၂ ရဲ့ စာအုပ် ၁၂
စာအုပ်စာတမ်း စာနယ်ဇင်း
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
| ၅၀၀၆၄၈၀၅၀၅ |

စာအုပ်စာတမ်းမျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
| ၅၀၀၇၃၈၀၅၀၆ |

■

ပုံနှိပ်
ပထမအကြိမ်၊
မေလ၊ ၁၉၈၁

ဒုတိယအကြိမ်၊
ရန်အောင်စာပေ-၂ ဇူလိုင်၊ ၂၀၀၅

မျက်နှာဖုံး
တင်မောင်သန်း(စီးပွားရေးတက္ကသိုလ်)

စာအုပ်ချုပ်
စွယ်တော်

■

---

ရန်အောင်စာပေ (၁)
အမှတ် (၃၄၃/၁၈)၊ အနောက်ရန်ကင်း။
ရန်ကုန်မြို့မှ ထုတ်ဝေ၍
မျက်နှာဖုံးနှင့် အတွင်းစာသားများကို
တင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်၊
ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

တစ်အုပ် (၆၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# သူမောင်

# အကြွေး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# (၁)

တစ်ရွာလုံးမှာ နွားကျောင်းပြိုင်ကြကြေးဆိုလျှင် အောင်ဗလသည် နံပါတ်တစ် ဖြစ်၏။

"ဟား. . ဟား. . ဒါတောင်မှ သူကြီးသမီး လွင်စန်းယဉ်က သူ့လောက် တန်းကျောင်း စာမတတ်ပါဘူးလေး ဘာလေးနဲ့ ငါ့ကို နှိမ်သေးသကွာ၊ ဒါပေ့ါလေ သူတို့က တတ်နိုင်တဲ့လူတွေဆိုတော့ ဟိုဘက်ရွာက မူလတန်းကျောင်းမှာ လေးတန်းအောင်တော့ ဒိစတြိတ်ရွာကြီးမှာ အလယ်တန်းဆက်သင်နေတာကိုး၊ ဒါပေမယ့်ကွာ ပညာတတ်ရုံနဲ့ ထမင်းမစားရပါဘူး၊ နွားကျောင်းတတ်မှ ထမင်းစားရတာပါကွ၊ ဟား. . ဟား. . ဟား"

အောင်ဗလသည် မိမိ၏ဂုဏ်ရည်ကို ဤသို့လျှင် ဖော်ကျူးတတ်လေသည်။

သူ၏ ဒုတိယဂုဏ်ပုဒ်သည်ကား ချိုင့်ကိုက်ကို ကျော့ကွင်းထောင်ခြင်း ဖြစ်ပါသည်။

လယ်ကြွက်ဖမ်းသော အတတ်တွင်ကား ဘမံ-ဘဇံ ညီအစ်ကို ကို အောင်ဗလ မမီပါချေ။ ဒါကတော့ သူတို့သည် မွေးကတည်းက လယ်ကြွက်ဖမ်းသောအလုပ်ကို လုပ်လာကြသူများ မဟုတ်လား။ သူတို့

www.burmeseclassic.com

မိဘတွေကိုယ်တိုင်က သည်လိုပဲ လယ်ကွက်များ၊ ဖားများဖမ်းပြီး မြို့ဈေး တက်ရောင်းသည့် သားစိမ်းငါးစိမ်းသည်များ မဟုတ်လား။

မည်သို့ပင်ရှိစေ ချိုငှက်ထောင်သော အောင်ဗလနှင့် လယ်ကွက် ဖမ်းသော ဘမံ-ဘဇံညီအစ်ကိုတို့သည် သူတော်ချင်းချင်း သတင်းလွှေ့ လွှေ့ဆိုသလို ပေါင်းဖက် မွေ့လျော်နေကြလေသည်။

သူတို့သည် သည်ရွာမှာတော့ ဘဝတူများပင် ဖြစ်ကြ၏။ အောင် ဗလတွင် ဖခင်မရှိသလို ဘမံ-ဘဇံတို့တွင်လည်း မိခင်မရှိချေ။ ဘမံတို့ မိခင်မှာ ကလေးများငယ်စဉ်ကပင် ဆုံးပါးသွားရှာခဲ့လေသည်။ အောင် ဗလ၏ဖခင်မှာမူ ယခုတိုင် ဘယ်နေရာ ဘယ်ဒေသို့ ရောက်နေမှန်း မသိ ရချေ။ သူပုန်ဆိုလား၊ တော်လှန်ရေးပြောက်ကျားဆိုလား၊ လုပ်နေသည် ဟူ၍လောက်သာ အောင်ဗလ သိထားသည်။

ဖခင်ကို သူကောင်းစွာ မှတ်မိပါသည်။ သို့သော် လေးငါးနှစ်မျှ ကြာပြီ ဖြစ်သောအခါကျတော့လည်း မေ့ထားလို့ရသလိုလို ရှိနေသည်။

သို့ရာတွင် အောင်ဗလ နားလည်ထားကာတစ်ခုတော့ ရှိသည်။ အဖေသည် အကျိုးမရှိသောအလုပ်ကို ဘယ်တော့မှ မလုပ်ခဲ့ဖူးခြင်း ဖြစ် သည်။

သူ သိမီလိုက်သော ကာလများအတွင်း အဖေ့ကို အလဟဿ နေသည်ဟူ၍ တစ်ကြိမ်တစ်ခါမျှမတွေ့ဖူးချေ။ အဖေသည် အမြော်အမြင် ကြီးမားသူဟူ၍ အောင်ဗလ ယုံကြည်ထားလေသည်။

အခြားမကြည့်ပါနှင့်၊ အမေသည် အောင်ဗလကို ငယ်စဉ်ကတည်း က ဇာတန်းကျောင်းမှာ မထားဘဲ နွားကျောင်း၊ ကျွဲကျောင်းအလုပ်ဖြင့် အသက်မွေးစေချင်သည်။ မိရိုးဖလာအလုပ်ကိုင် စားသောက်စေချင်သည်။ အဖေကတော့မူ သူရသည့် ဝင်ငွေကလေးဖြင့် အောင်ဗလကို အတန်း ကျောင်းမှာ မဖြစ်မနေ ပညာသင်စေသည်။ သို့ရာတွင် ပညာရေး၌ ဆံ ဖျင်းခဲ့သော အောင်ဗလသည် ကြီးကောင်ကြီးဝင်ခါမှ သူငယ်တန်းမှစ၍ ပညာသင်ရသည်။

www.burmeseclassic.com

မူလတန်း တန်းမကုန်ခင်မှာပင် သူ့အဖေ အိမ်မှ ပျောက်ခြင်းမလှ ပျောက်သွားသောကြောင့် အမေ၏အစီအမံဖြင့် မူလတန်းကျောင်းသား ဘဝနှင့်ပင် အောင်ဗလတစ်ယောက် အလုပ်အကိုင်ကို အလွယ်တကူ ရခဲ့လေသည်။ နွားကျောင်းသား။

အဖေပျောက်ဆုံးသွားခဲ့သော နေ့မတိုင်ခင်ညက အဖေနှင့်အမေ တို့ ပြောခဲ့ကြသော စကားများကို အောင်ဗလ ကြားယောင်နေပါသေး သည်။

"ဟုတ်ပါတယ်ကွာ၊ ငါလဲ ဘယ်သွားချင်ပါ့မလဲ၊ ဒါပေသည့် လွမ်း ရေးထက် ဝမ်းရေးခက်ဆိုတာလို တို့မိသားစုအရေးထက် တိုင်းပြည်နဲ့ လူမျိုးအရေးက ပိုပြီးအရေးကြီးတယ်ကွ၊ ငါ တစ်ခုပဲ မှာထားခဲ့ချင်တယ်၊ မင်းတို့သားအမိအတွက် ငါတတ်အားသရွေ့ ထောက်ပံ့မယ်၊ တော်လှန် ရေးကြီးပြီးမှ လွတ်လပ်ရေးရမှ ငါပြန်ခဲ့မယ်၊ ဒီအတောအတွင်း ငါ့သားကို ပညာသင်ပေးပါ၊ တကယ်လို့ ငါပြန်မရောက်ခင် တော်လှန်ရေးမပြီးခင် ငါ့သားအရွယ်ရောက်လာရင် ငါ့သားကို တော်လှန်ရေးသမားကောင်း ဖြစ် အောင် မင်းက တိုက်တွန်း သွန်သင်ညွှန်ကြားပါ၊ ဒါဟာ တို့ဗမာတွေရဲ့ အစဉ်အဆက်အမွေပဲ"

စသည်ဖြင့် အဖေသည် အောင်ဗလကို ခေါ်ပြီး မြန်မာရာဇဝင် သမိုင်းကို အကျဉ်းချုပ် ပြောပြပါသည်။ ရာဇဝင်သမိုင်းဆိုပေမယ့် ရှင် ဘုရင်တို့၏ အကြောင်းများမဟုတ်ဘဲ တရုတ်တရက်တို့ ကျူးကျော်ခြင်း၊ မွန်ဂိုတို့ ဝင်ရောက်လာခြင်း၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့ နယ်မြေလုခြင်း၊ အင်္ဂလိပ်က နိုင်ငံကို ကလိမ်ဉာဏ်ဆင်၍ သိမ်းယူခြင်း၊ ဂျပန်တို့ လူလည် ကျခြင်းများနှင့် ဤသို့ ခေတ်အဆက်ဆက် ကျူးကျော်မှုများကို တွန်းလှန် ခဲ့ကြသော မြန်မာသူရဲကောင်း ပြည်သူပြည်သားများအကြောင်းပင် ဖြစ် လေသည်။

သားအဖနှစ်ယောက် အိမ်ရှေ့ရေကပြင်မှာ ထိုင်၍ စကားပြောနေ သည်မှာ ကြယ်နီကြီးပေါ်သည်အထိ ဖြစ်၏။

www.burmeseclassic.com

 www.burmeseclassic.com 

သို့ရာတွင် အောင်ဗလသည် အဖေနှင့် စကားပြောနေရသည့်အတွက် တစ်ချက်ကလေးမျှပင် မငိုက်မျဉ်းခဲ့ပါ။ သူ့မျက်လုံးတို့သည် ကြယ်တာယာများကဲ့သို့ပင် တောက်ပြောင်နေခဲ့ပါသည်။ သူ့အသိဉာဏ်သည် တော်တော်ကြာ ပေါ်လာတော့မည် နေအရုဏ်ကဲ့သို့ မပီဝိုးတဝါး မသိသလို သိသလို ပွင့်လင်းလာခဲ့သည်။ အဖေပြောသမျှကို လုံးဝဥဿုံ နားမလည်သော်လည်း ရိုးတိုးရိပ်တိပ်တော့ဖြင့် သိခဲ့ပါသည်။ အမျိုးသားရေးစိတ်ဓာတ် ဟူသော ဝေါဟာရကြီးလောက်ကို နားမလည်နိုင်သော်လည်း ယခုအခါ ဂျပန်များ မတရား ညှဉ်းပန်းနှိပ်စက်နေသည်ကိုလည်းကောင်း၊ မြန်မာပြည်ကို ဂျပန်များ ခြယ်လှယ်နေသည်ကိုလည်းကောင်း မခံချင်စိတ်တော့ဖြင့် အရင်ကထက်ပို၍ ရှိလာခဲ့သည်။

တစ်ဆက်တည်းမှာပင် ဂျပန်တော်လှန်ရေး ပြောက်ကျားတပ်ဆိုသော အဖေတို့ပြောပြောနေသည့်အဖွဲ့ထဲသို့ အဖေတစ်ယောက် မကြာမတင်မှာပင် ဝင်ရောက်တော့မည်ဟုလည်း ကြိုတင် တွက်ဆနေမိလေသည်။

အောင်ဗလ၏တွက်ဆချက် မှန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေ့နံနက်ခင်း အဖေ လယ်တောဆင်းရန် သွားခဲ့သည်မှစ၍ အဖေအိမ်ပြန်မလာတော့ပါချေ။

အဖေ ရွာမှထွက်သွားသောနေ့က ရွာတွင် လူနှစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပါသည်။

တစ်ယောက်မှာ အဖေပင်ဖြစ်ပြီး နောက်တစ်ယောက်မှာ တစ်ရွာတည်းနေ မြမေ၏အစ်ကိုကြီးပင် ဖြစ်ပါသည်။ မြမေ၏အစ်ကိုကြီး ကိုသာဒင်သည် ရွာတွင် လူပျိုခေါင်းသဖွယ်ဖြစ်ပြီး ရပ်ရေးရွာရေးတွင် အထူးအားကိုးရသော လူငယ်တစ်ယောက် ဖြစ်လေသည်။

အောင်ဗလတို့ ဘမံ-ဘဇံတို့ကိုဆိုလျှင် ကိုသာဒင်က အမြဲတမ်းစေသွန်သင် ဆုံးမတတ်၏။ တစ်ခါတရံမှသာ ရွာသို့ ရောက်ရှိလာသော သတင်းစာများကိုလည်း ဖတ်ပြ၊ ရှင်းလင်းပြတတ်၏။ ကိုသာဒင်သည်

www.burmeseclassic.com

 www.burmeseclassic.com 

နိုင်ငံရေးသတင်းများကို အထူးအလေးထားပြီး ဖတ်ပြ၊ ရှင်းလင်းပြတတ်လေ့ရှိသော်လည်း အောင်ဗလတို့ ချာတိတ်လေးများမှာကား ပြဇာတ်ကြော်ငြာများကိုသာ အလေးထားပြီး နားစွင့်နေတတ်ကြ၏။ တစ်ခါတရံ ကိုသာဒင်ကြီးက ပြဇာတ်ကြော်ငြာ ဖြတ်ပိုင်းများ ဝေငှပြီဆိုလျှင် သူတို့တတွေ အလွန် ပျော်ရွှင်ကြရလေသည်။ ဤသို့ ပေါချာချာကလေးများ ဘဝနှင့် အောင်ဗလသည် ဘမံ-ဘဇံ ညီအစ်ကိုတို့ထက် အသိညာဏ် ရင့်သန်လာခဲ့လေသည်။

အတွေးအခေါ် အယူအဆများလည်း ပြောင်းလာခဲ့လေသည်။ လူကြီးစိတ်ကလေး ဝင်လာခဲ့လေသည်။

လူကြီးစိတ်ဝင်လာပြီ ဆိုကတည်းက ဟိုလိုလို သည်လိုလိုစိတ်များလည်း ရောနှောပါလာတော့သည် မဟုတ်လား။

မြမေနှင့် စကားပြောရသော အခါမျိုးတွင် အရင်တုန်းကလို မလွတ်လပ်တော့ဘဲ ဖြစ်နေရတတ်၏။

ပါးစပ်ကို မလိုအပ်ဘဲ ထိန်းထိန်းနေတတ်၏။ မျက်စိကိုမူ မြမေတူရှူနှင့် လွှဲလွှဲထားနေတတ်၏။ လက်ချောင်းများကိုလည်း အငြိမ်မနေဘဲ ဟိုခေါက်သည်ခေါက် လုပ်နေတတ်၏။

သောင်စင်ရေမရ စကားများကိုလည်း ပေါက်တတ်ကရ ပြောပြောနေမိတတ်၏။ မြမေကလည်း ထိုသဘာဝများကို ဂရုထားမိဟန် တူ၏။

"နင့်ကြည့်ရတာ ဂဏှာကိုမငြိမ်ဘူး၊ နင်ဘာဖြစ်နေတာလဲ"

ဤသို့လျှင် မကြာခဏ မေးတတ်၏။

သို့သော် အောင်ဗလကိုယ်တိုင်၌ကလည်း သူဘာဖြစ်နေမှန်း သူ့ဘာသာသူပင် တကယ်မသိချေ။ တစ်မျိုးကြီးတော့ တစ်မျိုးကြီးပဲ ဟူ၍သာ ထင်နေတတ်၏။

ထိုအထဲတွင် အောင်ဗလအဖို့ အခံရအခက်ဆုံးအဖြစ်မှာ သူငယ်ချင်းတွေ စကားနိုင်လုကြ ပြောဆိုကြပြီဆိုလျှင် မြမေက သူ့ဘက်က မပါဘဲ ဆန့်ကျင်လိုက်လျှင် ဝမ်းနည်းသွားရခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ကျတော့ကာ. . ညတိုင်း ရွာရိုးတလျှောက် လျှောက်တတ်သော စံနက်ကျော်၏ ပလွေသံကိုကြားရလျှင် အလိုလိုနေရင်း တံတွေးကို မျိုမျိုချနေတတ်သည်ကတော့ ဘာကြောင့်မို့လို့များပါနည်း။

မြမေကို ကြည့်ရသည်မှာလည်း တစ်မျိုး၊ တချို့နေရာတွေ အရင်ကထက် သေးသိမ်သွားပြီး တချို့နေရာတွေ အရင်ကထက် ဖွံ့ဖြိုးလာသလို ထင်ရသည်။ အောင်ဗလ လေးတန်းအောင်သောနှစ်၊ သူ့အသက် (၁၄) နှစ်အရွယ်တွင် ထူးခြားသော အဖြစ်အပျက်တစ်ခု ဖြစ်လေသည်။

ရွာဦးကျောင်း ဆရာတော်၏ကျောင်း ပရိဝုဏ်ထဲတွင် ရွာသူရွာသားများကောင်းမှု စေတီငယ်လေးတစ်ဆူ တည်ထားလေသည်။ ထို စေတီငယ်လေး၏ ဘုရားပွဲကို ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲနှင့်အတူ ဆရာတော်က ကြီးမှူးပြီး ရွာသူရွာသားများ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလေ့ရှိသည်။ စေတီငယ်လေးမှာ ရွာနီးချုပ်စပ် ရွာကြီးရွာငယ်များမှ ထုံးဖွေးဖွေး ရွှေရေးရေး စေတီငယ်များထဲတွင် အရွယ်တော်အငယ်ဆုံးနှင့် အဆင်းရဲဆုံး စေတီကလေးဖြစ်သော်လည်း တန်ခိုးအရာ၌ ကြီးမြတ်လှသည်ဟု ရွာသားများက ယုံကြည်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် စေတီ၏အနီးအပါးတစ်ဝိုက်တွင် ကြီးမားထည်ဝါသော ညောင်ပင်ကြီးများမှာ အရပ်အဆောင်ဆောင်ကဲ့သို့ ကွေ့ဝိုက်စီရီ ပေါက်ရောက်နေသောကြောင့် ဖြစ်ပေသည်။ ထို့ထက် ထူးခြားသည်က စေတီလေး၏ ဗုဒ္ဓဟူးနံထောင့်တွင် ဗောဓိပင်လေးတစ်ပင် ပေါက်ရောက်နေသောကြောင့် ဖြစ်ပေသည်။

ဤအခြင်းအရာများကြောင့်ပင် စေတီကလေးသည် တန်ခိုးကြီးလှသည်ဟု အနီးအပါးရွာကြီးရွာငယ်များမှ မှတ်ချက်ချကြလေသည်။ စေတီကလေးအတွက် လိုအပ်သော ပစ္စည်းဝတ္ထုများကိုလည်း ဆရာတော်ထံ လှူဒါန်းကြပါ၏။ သို့ရာတွင် ဆရာတော်က ဆီမီးနှင့် လုပ်အားဒါနတို့သာ လက်ခံပြီး ရွှေချခြင်း စသော အဖိုးတန် ဝတ္ထုများကို လက်မခံခဲ့ပေ။

"အေး. . မင်းတို့အနေနဲ့ ကိုယ့်ရပ်ကိုယ့်ရွာက ဘုရားကို အများ

www.burmeseclassic.com

 www.burmeseclassic.com 

သူငါ ဘုရားထက် ချမ်းသာကြွယ်ဝစေချင်တာကိုတော့ ဆရာတော် သဘောပေါက်ပါတယ်ကွယ်၊ သို့ပေမယ့် ခေတ်ကာလကြီးကိုလဲ မင်းတို့ အသိသားပဲ၊ ကုသိုလ်လုပ်ရာမရောက် ငရဲပေးရာရောက် ဆိုသလို ဖြစ်ကုန်မှာ စိုးလို့၊ ကြားလိုက်ကြတယ်မဟုတ်လား၊ ဓါးပြဂိုဏ်းကြီးတစ်ဂိုဏ်း ပိတောက်သာရွာက ဆယ်တောင်ပြည့်စေတီက ရွှေတွေ ခွာယူကြတာ၊ ပြီးတော့ ကသစ်ကုန်းရွာက မြစာရံစေတီ ဌာပနာတိုက်ကို ဂျပန်ကင်းတပ်တစ်တပ်က ဖောက်သွားတာ၊ ဒီလိုအဖြစ်မျိုး တို့ရွာမှာ အဖြစ်မခံနိုင်ဘူးကွယ့်၊ တို့ဘုရား ထုံးကလေးမှန်မှန်သုတ်၊ ထီးတော်ကလေး မှန်မှန်ပြုပြင်၊ ဘုရားပတ်ဝန်းကျင် သန့်ရှင်းရေး မှန်မှန်လုပ်ကြရင်လဲ ကုသိုလ်ရတာပါပဲကွယ်"

ဤသို့ ဆရာတော်က မိန့်ကြားထားလေသည်။ မည်သို့ပင် ရှိစေ ညောင်ရေသွန်းပွဲနှင့် ဘုရားပွဲတော် တစ်ပြိုင်နက် ကျင်းပသော ကဆုန်လပြည့်နေ့မျိုးတွင်မူကား အနယ်နယ်အရပ်ရပ်မှ ရွာသူရွာသားများပါ လာရောက်တတ်ကြသဖြင့် စေတီတော်ကလေး ပတ်ဝန်းကျင်တွင် ကြက်ပျံမကျ စည်ကားနေတတ်လေသည်။

ထိုနှစ်က ပွဲတော်သည်လည်း အထူးစည်ကား၏။ အောင်ဗလ၊ ဘမံ-ဘဇံ ညီအစ်ကို၊ မြမေ စသူတို့သည် ယခင်နှစ်များကလို ခုန်ပေါက်မြူးထူး ကစားပျော်ရွှင်နေကြခြင်း မရှိတော့ဘဲ လူပျိုပေါက် အပျိုပေါက်ကလေးများပီပီ ကိုယ့်အဖွဲ့နှင့်ကိုယ် ကျရာတာဝန်ယူ၍ ဝေယျာဝစ္စများကို ပြုလုပ်နေကြရသည်။

သူကြီးသမီး လွင်စန်းယဉ်ကမူ မြို့မှ သူ့ဖခင် လက်ဆောင်ရသော ဖဲကတ္တီပါထမိကြီး တကားကားဖြင့် ကော့လန်ကော့လန် ဟိုသွားဒီသွားလုပ်လျက် အသံတစာစာနှင့် လေကန်၍ သာနေသည်။

မကြာမကြာဆိုသလိုလည်း အောင်ဗလက ကွက်ကြည့်ကွက်ကြည့် လုပ်၏။ အလကားနေရင်းလည်း မျက်စောင်းတခဲခဲလုပ်၏။ အောင်ဗလကမူ ကိုယ့်အလုပ်နှင့်ကိုယ်မို့ သူ့ကို ဂရုမထားမိ၊ ကိုယ့်အလုပ်နှင့် ကိုယ်

www.burmeseclassic.com

 www.burmeseclassic.com 

ဆိုရာ၌ မြမေအနီး တရစ်ဝဲဝဲလုပ်ချင်သည်လည်း ပါလေသည်။

မြမေကလည်း သူ့အနီးမှာ အောင်ဗလရှိနေသည်ကို နှစ်လိုဟန် တူပေသည်။ ထိုကာလမတိုင်ခင်ကပင်လည်း သူတို့၏ အခြေအနေမှာလည်း တိုးတက်လျက်ရှိပေသည်။

ရိုးတိုးရိပ်တိတ်မှသည် မိမိကိုယ်မိမိ တိုးတိုးတိတ်တိတ် နားလည်နေသောအဆင့်ဟု ဆိုကြပါစို့။

ဒီကြားထဲကပင်လျှင် ဘဇံတို့ကလည်းတမျှောင့်၊ လူငယ်တို့ဘာဝ ကျီစယ်ခြင်းခံရသောကြောင့် အောင်ဗလမှာ လက်သီးလက်မောင်းတန်းရင်း ကြည်နူးစွာ ရှက်ကိုးရှက်ကန်း ဖြစ်ရသလို မြမေခမျာမှာလည်း ဘမံ-ဘဇံတို့၏ ကျောကုန်းကို တဗုန်းဗုန်းထုရင်း ကြည်နူးကျေနပ်စွာ ငိုကြွေးရပေါင်းလည်း မနည်းတော့ချေ။

သို့ရာတွင် သူတို့သည် အလွန်ချစ်ကြသော ငယ်သူငယ်ချင်းများဖြစ်ကြသည့်အလျောက် နောက်ပြောင်ကျီစယ်ကြသည်ကိုလည်း ခွင့်လွှတ်ကြ၏။ ထို့အတူ လွန်လွန်ကဲကဲ ကျီစယ်မိသောကြောင့် ကရုဏာဒေါသဖြစ်ရခြင်း၊ ရှက်ကြောက်ကြရခြင်းတို့ကိုလည်း နားလည်မိကြ၏။ ထို့ကြောင့်ပင်လျှင် အားလုံးသဘောတူ အောင်ဗလနှင့် မြမေကို နှောင်အခါ မကျီစယ်ကြတော့ပေ။

မည်သို့ပင်ရှိစေ အားလုံးသော သူငယ်ချင်းတို့သည် လူငယ်တို့သဘာဝ သူတို့လက်လှမ်းမီရာ စိတ်ကူးကလေးများဖြင့် အောင်ဗလနှင့် မြမေကို ကျိတ်ပြီး သဘောတူနေကြလေသည်။

တကယ်တော့မူ အချစ်ဆိုသောအရာကို သူတို့ မသိကြသေးပါ။

စောစောကပြောသလို လွင်စန်းယဉ်သည် အောင်ဗလရှိရာသို့ ကွက်ကြည့်ကွက်ကြည့် လုပ်နေရာမှ သူ့အနားတွင် မြမေမရှိခိုက် အောင်ဗလအနီးသို့ ချဉ်းကပ်လာ၏။

"ဟော့ အောင်ဗလ၊ နင်ဒီစတြိတ်ကျောင်း အလယ်တန်း ဆက်တက်ဖို့ အခုထိ မစဉ်းစားသေးဘူးလား"

www.burmeseclassic.com

 www.burmeseclassic.com 

"ဒီလောက်လေးနဲ့မှားဟယ်၊ တော်ကြာနေ ကြီးကောင်ကြီးမားနဲ့ ကျောင်းမှာ ဝိုင်းအရယ်ခံနေရဦးမယ်"

"ဘယ်တတ်နိုင်မလဲဟ၊ ဒါပေမယ့် ပညာသင်တာ ရှက်စရာ မရှိပါဘူး"

လွင်စန်းယဉ်သည် စူးရှသော မျက်လုံးများဖြင့် အောင်ဗလကို တစ်ချက်ကြည့်၏။ ပြီးတော့ ရဲတင်းစွာ စကားဆိုလေသည်။

"ဒီလိုလုပ်ပါလား၊ ငါ့အဖေကို ငါပြောပြမယ်၊ နင် ကျောင်းဆက်တက်ရအောင်လို့"

"ဖြစ်နိုင်မယ် မထင်ပါဘူးဟာ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲဟ၊ နင်ကလဲ အဖေ့အလုပ်တွေမှာ ဝိုင်းကူပေါ့"

"ဘာလဲ ငါပညာသင်ဖို့ နင့်အိမ်မှာ ကျွန်ခံရမှာလား"

အောင်ဗလက ဒေါသတကြီး ပြောလိုက်သလို လွင်စန်းယဉ်ခမျာ ဝမ်းနည်းပက်လက် ဖြစ်သွားရှာ၏။

"ငါ့စေတနာကို မစော်ကားနဲ့ အောင်ဗလ၊ နင် အခု သူများနွားတွေ ကျောင်းပေးနေတာကကော ပိုက်ဆံရတာမဟုတ်ဘူးလား၊ ခု ငါပြောတာက နင် ပညာသင်ဖို့အတွက် အဖေ ကြည်ဖြူအောင်လို့ ပြောတာပါ"

"ပညာတတ်လို့ ဘာလုပ်မှာလဲဟာ၊ နွားကျောင်းတတ်မှ ထမင်းစားရတာ"

"ပညာတတ်တဲ့အခါ နွားမကျောင်းရဘဲ ထမင်းရတာပေါ့"

"ဟုတ်ပါ့မလား"

"ဟုတ်တာပေါ့ဟ၊ ပညာတတ်ရင် ကျောင်းဆရာလုပ်စားလို့ရတာပဲ၊ ပြီးတော့ မာစတာ ဂျပန်တွေဆီမှာလဲ အလုပ်လုပ်လို့ ရတာပေါ့"

"ဒီဂျပန်တွေနဲ့ မပတ်သက်ချင်ပါဘူး"

"အေးပါလေ၊ မပတ်သက်ချင်ရင်လဲ ရတာပဲ၊ ဒါပေမယ့် ပညာတတ်ထားတော့ မမှားဘူးပေါ့၊ ကိုသာဒင်ကြီးကို ကြည့်ပါလား၊ ပညာတတ်

 www.burmeseclassic.com 

ထားတော့ ဘယ်နေရာမဆို လူဝင်ဆံ့တယ် မဟုတ်လား"

အောင်ဗလသည် တွေဝေသွား၏။ လွင်စန်းယဉ်၏ စကားများကို လည်း မှန်ကန်သည်ဟု တွေးမိသွား၏။ ထို့ကြောင့် စဉ်းစဉ်းစားစားနှင့် ပြန်ပြောလေ၏။

"ငါ့အဖေ ငါ့အမေနဲ့ တိုင်ပင်ဦးမယ်လေ"

"အေး. . အေး ကောင်းတယ်၊ ငါလဲ အဖေ့ကို ပြောပြဦးမယ်"

ထိုအချိန်တွင် သူတို့နှင့်မလှမ်းမကမ်းသို့ မြမေ ရောက်လာသည်။ မြမေသည် အောင်ဗလနှင့် လွင်စန်းယဉ် စကားလက်ဆုံကျနေသည်ကို ရပ်လျက် ငေးမောကြည့်၏။ ဘာကြောင့်မှန်းတော့မသိ၊ ဝမ်းနည်း အား ငယ်သလို မနာလိုစိတ်ကလေးလည်း ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် ပင် အောင်ဗလတို့ အနီးသို့ မလာသေးပဲ ခပ်လှမ်းလှမ်းတွင် ရပ်နေခြင်းပဲ ဖြစ်၏။

လွင်စန်းယဉ်သည် မြမေကို မြင်လိုက်သည်နှင့် မျက်နှာကလေး ပျက်သွားကာ. .

"ကဲ. . ငါ သွားမယ်၊ ဟိုမှာ မြမေလာနေပြီ"

"ဘာဆိုင်လို့လဲဟ"

အောင်ဗလသည် တကယ်ပဲ လွင်စန်းယဉ်၏ စကားကို နားမလည် ပေ။ လွင်စန်းယဉ်က ပြုံးစစနှင့်လုပ်ပြီး ပြော၏။

"တော်ကြာ တစ်မျိုးထင်နေဦးမယ်ဟ"

"ဘာကိုလဲဟ"

"ဘာကိုလဲရမှာလဲ၊ နင်နဲ့ငါ့ကိုပေါ့"

"ဘာဆိုင်လို့ တစ်မျိုးထင်မှာလဲ"

"အောင်မာ၊ နင်နဲ့ မြမေအကြောင်း ငါမသိဘူးများ မှတ်လို့"

အောင်ဗလသည် ပြုံးပြုံးဖြဖြနှင့် ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။

"ငါတို့ ဘာမှမဖြစ်ပါဘူးဟ"

လွင်စန်းယဉ်က ခိုးခိုးခစ်ခစ် ရယ်လိုက်သည်။

www.burmeseclassic.com

 www.burmeseclassic.com 

"ဟော. . ဟော စကားထဲက ဇာတိပြပြီ၊ ဘယ်သူက ဘာပြောနေလို့ နင်က ဘာမှမဖြစ်ပါဘူးလို့ ပြောရတာလဲ"

အောင်ဗလသည် သွားကြီးဖြဲလျက် မရယ်မိအောင် သတိထားပြီး ရှက်ပြုံးပြုံးလိုက်၏။ ထိုအချိန်တွင် လွင်စန်းယဉ်သည် လှစ်ကနဲ ပြေးထွက်သွားလေ၏။ ဒီတော့မှ မြမေသည် အောင်ဗလအနီးသို့ ရောက်လာ၏။ မြမေက နှုတ်ခမ်းကလေး မပွင့်တပွင့်စူလျက် စကားဆိုလေသည်။

"ဟိုကောင်မ ဘာတွေလာပြောနေတာလဲ"

အစတွင် ရှက်နေသောအရှိန်ကြောင့် အောင်ဗလ ဘာပြောရမှန်း မသိသော်လည်း မပြောဘဲနေလျှင် မြမေပို၍ အထင်လွဲမည် စိုးသောကြောင့် လွင်စန်းယဉ် ပြောသွားသော စကားများကို ပြန်ပြောပြလေသည်။ မြမေကမူ. .

"သူပြောတဲ့အတိုင်း ဖြစ်လာရင်တော့ နင့်အတွက် ကောင်းတာပေါ့၊ ဒါပေမယ့် နင်လဲ သိတဲ့အတိုင်း သူ့အဖေ သူကြီးက ကပ်စေးနဲ့ ကော်တရာကြီး မဟုတ်လား၊ နောက်ပြီး သူကြီးနဲ့ နင့်အဖေဆိုတာကလဲ တည့်ကြတာမှ မဟုတ်တာ၊ ဒီလူကြီးက လူတစ်ယောက် ကျောင်းထားပေးဖို့ နေနေသာသာ သူ့အိမ်က စာရင်းငှားတွေကိုတောင် ငတ်တလှည့် ပြတ်တလှည့်နဲ့ ကျွေးထားတာ မဟုတ်လား"

"အေးလေ၊ ကံတရားပေါ့ဟာ"

"ဒါနဲ့ ငါလာမှ သူက ဘာလို့ ထထွက်သွားရတာလဲ"

အောင်ဗလသည် မျက်လွှာကြီးကို ချလျက် အာလုပ်သံကြီးဖြင့် တစ်လုံးချင်း ဖြေလေသည်။

"သူနဲ့ ငါ့ကို နင်က တစ်မျိုးထင်မှာစိုးလို့တဲ့ဟာ"

"အောင်မာ. . စပ်စပ်စုစု သူနဲ့ဘာဆိုင်လို့လဲ"

မြမေသည် သူ့စကားမှားသွားသည်ကို သူ့ဘာသာသူ သိသဖြင့် ရှက်သွေးကလေးဖြာကာ ပါးအို့ကလေး နီသွားလေ၏။

သူနဲ့ ဘာဆိုင်လို့လဲဟူသော စကားအဓိပ္ပါယ်မှာ ကိုယ့်အချင်း

www.burmeseclassic.com

 www.burmeseclassic.com 

ချင်းတော့ သက်ဆိုင်နေသော သဘောကို ဆောင်သည် မဟုတ်လား။ ထို့ကြောင့် မျက်လွှာကလေးချလျက် အောင်ဗလကို မရဲတရဲ မေးလိုက်လေ၏။

"ငါက တစ်မျိုးထင်ရအောင် နင်နဲ့သူက ဘာဖြစ်နေလို့လဲ"

အောင်ဗလ မျက်ကနဲဆန်ပျာ ဖြစ်လျက် ဝရုန်းသုံးကား ဖြေလေသည်။

"ဘာ. . ဘာမှ မဖြစ်ပါဘူးဟ၊ သူကသာ ငါနဲ့ နင့်ကို ဟိုဒင်းဖြစ်နေကြပြီမဟုတ်လားလို့ မေးတာ"

"ဘာဟိုဒင်းလဲဟ"

"ဟိုဒင်းဟာ ငါနဲ့နင့်ကို ဘမံ-ဘဇံတို့ စသလိုမျိုးပေါ့"

မြမေသည် မျက်နှာကလေးလွှဲလျက်. .

"ဒီတော့ နင်က ဘာပြန်ပြောလိုက်သလဲ"

"ဘာမှမဖြစ်ပါဘူးလို့ ပြန်ပြောလိုက်တာပေါ့ဟ"

"အေး. .အေး အဲဒါပဲ ကောင်းတယ်"

"သူတို့ကလဲ ဒီလိုပဲ ခဏခဏ စကြတာပဲဟာ စိတ်ပျက်ပါတယ်"

"ဆိတ်ပျက်ရင် နွားမွေးပေါ့"

"ငါတို့က ဆင်းရဲတော့ နွားမမွေးနိုင်ဘူး၊ နွားပဲ ကျောင်းရတယ်"

သူတို့သည် ပျော်ရွှင်စွာ ရယ်မောလိုက်ကြလေသည်။ ခဏကြာလျှင် အလှူမဏ္ဍပ်ရှိရာမှ မြမေ၏ မိန်းမဖော် သူငယ်ချင်းများက လှမ်းခေါ်သောကြောင့် မြမေသည် အောင်ဗလအနီးမှ ထလိုက်လေသည်။ အောင်ဗလက. .

"နောက်တစ်ခါ သူတို့ ဒီလိုပဲ ခဏခဏပြောရင် ငါဘယ်လို ဖြေရမလဲဟင်"

"အို. . နင်ဖြေချင်သလို ဖြေပေါ့ဟ"

"ငါ ဘယ်လိုဖြေချင်နေတယ်ဆိုတာလဲ ငါဘာသာ ငါမသိဘူးဟ"

www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုဆိုလဲ စောစောကလိုပဲ ဘာမှမဖြစ်ပါဘူးလို့ ဖြေလိုက်ပေါ့ဟာ"

အောင်ဗလသည် သက်ပြင်းရှည်ကြီးကို ချလိုက်၏။

ပြီးတော့မှ လေးလေးကန်ကန်ကြီး ပြောချလိုက်၏။

"အေးပါဟာ. . အဲဒီလို ဖြေတာပဲ ကောင်းပါတယ်"

မြမေသည် ပုပ်သိုးသွားသော အောင်ဗလ၏ မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီး တစ်လှမ်းချင်း လှည့်ထွက်သွားလေသည်။ ထိုနေ့တစ်နေ့လုံး သူတို့၏စိတ်များ လှုပ်ရှားနေကြ၏။

အောင်ဗလအဖို့မူ ထိုညတွင်ပင် သူ့ဖခင်သည် ဂျပန်တော်လှန်ရေး ပြောက်ကျားတပ်သို့ ဝင်တော့မည်ဖြစ်ကြောင်း ပြောနေသံကို ကြားလိုက်ရခြင်းဖြစ်၏။ နောက် စိတ်လှုပ်ရှားစရာတစ်ကြောင်းမှာ ဤသို့ သူ့အဖေ ပြုမူသည့်အတွက် အိမ်၏ စားရေးသောက်ရေးတာဝန် သူ့အပေါ် ပုံကျလာတော့မည်နှင့် ဂျပန်များနှင့် အလျှဉ်းသင့်နေသော လွင်စန်းယဉ်ဖခင် သူကြီးသည် သူ့ကို ကျောင်းဆက်ထားပေးဖို့ နေနေသာသာ ရန်လို၍ပင် လာနိုင်တော့မည် ဖြစ်လေသည်။

အောင်ဗလ၏ဘဝသည် ထိုနေ့မှစ၍ပင် ပြောင်းလွဲရတော့မည်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

အောင်ဗလ၏ ဖခင်နှင့် ကိုသာဒင်တို့ ရွာမှ ပျောက်ဆုံးသွားပြီး နောက် တစ်ယောက်စကား တစ်ယောက်နားဖြင့် သုံးရက်မြောက်သောနေ့ တွင်ကျမှ သူကြီးနားသို့ ပေါက်ကြားလေသည်။ သူကြီးသည် လွန်စွာ စိတ်ဆိုးလျက် နောက်တစ်နေ့မှာပင် ဂျပန်များ စခန်းချရာ ရွာတစ်ရွာသို့ အကြောင်းကြားစာတစ်စောင် ရေးပြီး သူ့တပည့်များကို လွှတ်လိုက်လေ သည်။ ထို့နောက် တစ်နေ့တွင် ဂျပန် သုံးလေးယောက်နှင့်အတူ ဂျပန် စကားပြန်များ၊ ဂျပန်အလိုတော်ရိများ ရွာသို့ ရောက်ရှိလာလေသည်။

သူကြီးအိမ်တွင် ခေတ္တ ဆွေးနွေးကြပြီးနောက် မြမေတို့အိမ်သို့ အရင် ဝင်ရောက်လာကြသည်။ မြမေ၏ဖခင်နှင့် မိခင်ကို အမျိုးမျိုး ရိုက် နှက် စစ်ဆေးကြသည်။ သို့ရာတွင် သူတို့လိုချင်သော အဖြေကိုကား တစ်လုံးတပါဒမျှ မရ။ အသက်အရွယ် ကြီးရင့်ပြီဖြစ်သော မြမေ၏ မိခင် တို့မှာ တစ်ချက် တစ်ချက် ရိုက်ရုံဖြင့် ခွေလဲသွားကြရှာသည်။ မြမေမှာမူ ကား ကြောက်လွန်းသဖြင့် ဆရာတော်ကျောင်းသို့ သွားရောက်ပုန်းနေ စေရသည်။

ဂျပန်တို့သည် အောင်ဗလတို့အိမ်ဘက်သို့ ကူးလာပြန်သည်။

ရွာထဲသို့ ဂျပန်များ ဝင်လာစကပင် ဒီကိစ္စနှင့် ပတ်သက်သည်ကို သိကြသဖြင့် လူကြီးသူမများသည် အောင်ဗလကိုလည်း ရှောင်နေရန်

www.burmeseclassic.com

www.burmeseclassic.com


ပြောကြသေး၏။ သို့ရာတွင် အိမ်မှာ အမေ့တစ်ယောက်တည်း မထားခဲ့နိုင်သောကြောင့် ဂျပန်များကို အောင်ဗလ ရင်ဆိုင်လေသည်။ ပထမတွင် အဘိုးလက်ထက်က ထားခဲ့သော ငှက်ကြီးတောင်ဓားကို နံရံတွင် အသာထောင်ထားခဲ့သေး၍ အမေက ရာဇဝတ်အိုး တုတ်နှင့်ထိုးဆိုသလို ဖြစ်မည်တစ်ကြောင်း၊ ဖခင်အတွက် စ၍ ရန်မီးပွားနိုင်သည် တစ်ကြောင်းတို့ကြောင့် အောင်ဗလကို ဖျောင်းဖျထားရသည်။ ဂျပန်တို့ရောက်လာလျှင် ဂျပန်များအပေါ် မျက်နှာလို မျက်နှာရ ရှိသလောက် ကိုယ့်အချင်းချင်းကို မာန်မဲ ကြိမ်းမောင်းတတ်သော ဂျပန်ဝတ်စုံဝတ်ထားသည့် ဗမာလူကြီးတစ်ယောက်က စတင်စစ်ဆေးလေသည်။

"မင်းအဖေ ဘယ်မှာလဲ"

"ကျွန်တော်တို့ မသိဘူး"

"သူပျောက်သွားတာ ဘယ်လောက်ကြာပြီလဲ"

"လေးရက်လောက် ရှိသွားပြီ"

ထိုလူကြီးသည် အမေ့ဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားကြီးကော သွားခါနီး ဘာမှာသွားသေးလဲ"

"ဘာမှမမှာပါဘူး မာစတာကြီးရယ်"

"မလိမ်နဲ့နော် အဘွားကြီး"

"ဘုရားပေးပေး ကျမ်းပေးပေးပါရှင်"

"သူ တောခိုသွားတယ် မဟုတ်လား"

"မဟုတ်ပါဘူးရှင်"

"ဟဲ. . ဟဲ မဟုတ်မှန်းတော့ သိတာပဲလား အဘွားကြီးရဲ့"

"ဘယ်ကို ထွက်သွားမှန်းကို မသိတာပါရှင်"

"ဒါဆိုရင် တောခိုတာပဲ ဖြစ်ရမှာပေါ့"

အောင်ဗလသည် စကားကို ကိုယ့်ဘက် မပါပါအောင် ပြောနေသော ထိုလူကြီးကို မကျေမနပ် ဖြစ်သွားသည်။

"အိမ်က ပျောက်သွားတိုင်း တောခိုတာ ဖြစ်ရမလားဗျ"

www.burmeseclassic.com

 www.burmeseclassic.com 

ထိုလူကြီးသည် အောင်ဗလဘက်သို့ ဒေါသတကြီး လှည့်ကြည့်လိုက်၍..

"တောခိုစရာ မလိုပါဘူး၊ ကျုပ်က တောသားပဲဟာ"

ဘာမပြောညာမပြောနှင့် အောင်ဗလ နားထင်ပေါ်သို့ လက်ဝါးစောင်းတစ်ချက် ကျလာသည်။ ထူပူသွားခြင်းနှင့်အတူ ငှက်ကြီးတောင်ဓားကို ပြေးဆွဲမည် ကြံသေးသည်။

အမေ့မျက်နှာကြောင့်သာ အောင့်အည်းသည်းခံလိုက်ရလေသည်။ ထိုလူကြီးက ဆက်လက်စစ်ဆေးသော်လည်း ဘာမျှ ရေရေရာရာ မသိရသောကြောင့် အောင်ဗလကို ရိုက်နှက်ကန်ကြောက်ပြီး အောက်ပါ စကားများကို ပြောဆိုလျက် ရွာမှ ပြန်ထွက်သွားကြသည်။

"အားလုံး မှတ်ထားကြ၊ အဲဒီလူနှစ်ယောက် ရွာကို ဝင်တယ်ဆိုရင် ဝိုင်းဖမ်းပြီး သူကြီးအိမ်ကိုပို့ ဆုငွေပေးမယ်၊ အိမ်မှာ လက်ခံထားတဲ့လူရှိရင် ဒီရွာလယ်ခေါင်မှာ အသေပစ်သတ်မယ်၊ ဒါပဲ"

× × × × ×

ဖူးရောင်နေသော အောင်ဗလ၏မျက်နှာကို တယုတယ ကိုင်ကြည့်နေသော မြမေ၏ မျက်နှာကလေးသည်လည်း မျက်ရည်စက်လက်နှင့် ဖြစ်နေပါသည်။

ဒါကြောင့် လူကြီးတွေက ပြောတာ၊ နင် တစ်နေရာရာမှာ သွားပုန်းနေပါလို့"

"အို..ဘာလို့ ပုန်းရမှာလဲ၊ ပုန်းနေရင် အမေ့ကို သူတို့ ပိုပြီးနှိပ်စက်မှာပေါ့။ ငါလဲ အရွယ်ရောက်နေပြီပဲ ငါပါ အဖေနဲ့အတူ လိုက်သွားပြီလို့ ထင်ကြမှာပေါ့"

"အေးဟယ်၊ ငါ့အဖေနဲ့ အမေလဲ အရိုက်ခံရတယ်၊ ငါတောင် ဆရာတော်ကျောင်းမှာ သွားပုန်းနေလို့ သက်သာသွားတာ"

"အေး၊ နင့်ဆိုရင် ရိုက်ရုံမကဘူး၊ တစ်ခါတည်း ဆွဲခေါ်သွားမှာသိလား"

www.burmeseclassic.com

အောင်ဗလ၏ စကားကြောင့် မြမေကလေးမှာ ရှက်သွေးဖြာသွားရ၏။ အောင်ဗလမှာလည်း မိမိစကားပြော ရိုင်းသွားသည်ကို စိတ်မကောင်း ဖြစ်မိလေသည်။ တကယ်တော့မူ ဂျပန်အလိုတော်ရိက မတရားနှိပ်စက်သွားခြင်းကို ရင်ထုမနာ ဖြစ်လွန်း၍သာ ဤသို့ နင့်နင့်သီးသီး ပြင်းပြင်းထန်ထန် ပြောမိခြင်းဖြစ်သည်။

မြမေသည် ရှက်သွေးဖြာနေရာမှ တစ်စုံတစ်ရာကို တွေးတော ထိတ်လန့်သွားသလို သက်ပြင်းကလေး ချလိုက်သည်။

"အေးဟယ်. . ငါတော့ မတွေးဝံ့အောင်ပဲ"

မြမေ တဖန် ပြန်၍ ရှက်သွားပြန်၏။ ဟုတ်သားပဲ၊ သူတို့နှစ်ယောက်သည် ဂျပန်လက်ထဲသို့ မြမေရောက်သွားလျှင် ဘာဖြစ်သွားနိုင်သည်ကို စိုးရိမ်နေကြသည် မဟုတ်လား၊ ထိုသို့ စိုးရိမ်ခြင်းသည် မြမေ ဘာဖြစ်သွားမည်ကို စိုးရိမ်ခြင်း ဖြစ်ပါသည်။ ရှင်းပါသည်၊ မြမေ အဖျက်အဆီးခံရမည်မှာ သေချာနေသည် မဟုတ်လား။

ကောင်းပြီ၊ ထိုသို့ ဖျက်ဆီးခံရခြင်း ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ဘယ်အဆင့်အထိ စိတ်ကူးယဉ်ထားကြမှန်း သိသာနိုင်သည် မဟုတ်ပါလား။

"ဒါက အရေးမကြီးဘူး၊ ဒီ ဂျပန်တွေ ခဏခဏလာနေရင် ဘယ့်နှယ့် လုပ်မလဲဟယ်"

"ဘယ့်နှယ့်လုပ်မလဲ၊ ပေဖြစ်တုန်းတော့ ငုံ့ခံရုံပေါ့၊ တူဖြစ်လာတဲ့ တစ်နေ့မှာ ပြန်ထုရုံ ရှိတာပဲ၊ ငါ့အဖေက ပြောတယ်၊ ဒီဂျပန်တွေဟာ နှစ်မကြာခင်မှာ စစ်ရှုံးပြီး တို့နိုင်ငံက ပြန်ထွက်ပြေးရမှာပဲတဲ့"

"ဂျပန်တွေ ထွက်သွားရင် ဘယ်သူတွေ ဝင်လာဦးမလဲ မသိဘူးနော်"

"ဘယ်သူမှ မလာနိုင်တော့ပါဘူးဟာ၊ လာရင်လဲ ခုလိုပဲ တို့က ဆက်ပြီး တော်လှန်ရမှာပေါ့၊ ဒါဟာ တို့ဗမာရဲ့ သမိုင်းတဲ့၊ ငါ့အဖေက ပြောတယ်"

www.burmeseclassic.com

 www.burmeseclassic.com 

မြမေသည် အောင်ဗလကို လေးစားသော မျက်လုံးများဖြင့် ကြည့်လိုက်လေသည်။ အောင်ဗလကမူ အံကို တင်းတင်းကြိတ်လျက် တမျှော်တခေါ်ကြီးကို ကြည့်နေလေသည်။

မြမေသည် နန္ဒင်းကျပ်ထုပ်ကို ပေါင်းအိုးပေါ်မှယူ၍ အောင်ဗလ၏မျက်နှာရှိ ဒဏ်ရာများကို တို့ပေးနေသည်။ အောင်ဗလသည် မျက်နှာမပျက်လျက် ကျိတ်မှိတ်ခံ၏။

"နင်ကြီးလာရင် နင့်အဖေလိုပဲ တော်လှန်ရေးထဲ ဝင်မှာလား"

"အေး ငါအရွယ်ရောက်လို့မှ တော်လှန်ရေးမပြီးရင်တော့ အဖေ့နောက်ကို လိုက်မှာရမှာပဲ"

"ရန်သူကို အချိန်မရွေး တွေ့နိုင်သလို မိတ်ဆွေကိုလဲ အချိန်မရွေး တွေ့နိုင်ပါတယ်ဟာ"

"အင်း. . နင်လဲ စကားကြီး စကားကျယ်တွေ တော်တော်တတ်နေပြီပဲ"

"ဟုတ်တယ်၊ ငါ့ဘာသာငါ တတ်တာမဟုတ်ဘူး၊ နင့်အစ်ကိုကြီးကိုသာဒင်ရဲ့ ဆုံးမစကားတွေ နားထောင်ရင်းနဲ့ တဖြည်းဖြည်း တတ်လာတာ"

သူတို့နှစ်ယောက်သည် အခြားတပါးသော စကားများကို ဆက်လက် ပြောဆိုနေကြ၍ ခဏအကြာတွင် မြမေသည် အိမ်ပြန်တော့မည်ဟု မတ်တပ်ရပ်လိုက်လေသည်။

"ငါ ပြန်တော့မယ်နော်"

"အိမ်မှာ အလုပ်ရှိလို့လား"

"အလုပ်တော့ မရှိပါဘူးဟာ၊ ဒါပေမယ့် ဒီအိမ်မှာ နင့်အမေလဲ မရှိဘူး၊ တော်နေ သူများတွေ မြင်ရင် မကောင်းဘူး"

အောင်ဗလသည် တစ်စုံတရာကို သတိရသွားသလို ပြုံးလိုက်၏။ မြမေသည် အိမ်ပေါ်မှ လှစ်ကနဲ ပြေးဆင်းသွားလေသည်။ အောင်ဗလက လှမ်း၍ အော်မေး၏။

www.burmeseclassic.com

 www.burmeseclassic.com 

"နင့်ကို သူတို့တွေ စကြသေးလား"

"ဟေ့အေး"

× × × × ×

သူတို့ စကြသေးလား၊ ဟေ့အေးနှင့်ပင် အောင်ဗလနှင့် မြမေတို့သည် သူတို့ အချစ်ရေးကို မယောင်မလည်လုပ်နေခဲ့ကြလေသည်။ တစ်ဘက်ကလဲ မြမေသည် လယ်တောဆင်းရ၏။ ဗိုင်းငင်ရ၏။ အောင်ဗလမှာလဲ လယ်ဆင်းရ၏။ နွားကျောင်းရ၏။ ပြီးတော့ သားလေးငါးလေး စားရဖို့အတွက် ချိုးထောင်ရ၏။ ဖားရိုက်ရ၏။

သူတို့သည် တစ်ခါတရံတွင်တော့ သွားလေသူ တော်လှန်ရေးသမားကြီး နှစ်ဦးကို သတိတရ ရှိနေကြသည်။ ထိုလူကြီးနှစ်ယောက်သည် ယခုအခါ ဘယ်ဆီ ရောက်နေကြပြီနည်း။ ဂျပန်သတ်၍ သေပြီလော တွေး၍ ကလေးလွမ်း လွမ်းနေကြသည်။

ဆရာတော် ကျောင်းဝင်းအတွင်းမှ ညောင်ပင်ကြီးများအောက်တွင် ဆုံမိကြသောအခါ မြမေသည် သူ့အစ်ကို လွမ်းသဖြင့် ငို၏။ ထိုအခါ အောင်ဗလက ချော့လေသည်။ ချော့သည်ဆိုရာ၌ ပခုံးကလေးကို ပေးပြီး ပွတ်သပ်ကာ ချော့ရသည်မျိုး မဟုတ်ပါ၊ တရှုပ်ရှုပ် ငိုနေသော မြမေ၏ ရှေ့တစ်လံကွာလောက်တွင် ထိုင်လျက် "နင်ကလဲ မငိုပါနဲ့ဟာ၊ နင် ငိုတော့ ငါ ဘာလုပ်ရမှန်းမသိဘူး" ဟူ၍သာ တတွတ်တွတ် ပြောနေခြင်းမျိုးဖြစ်လေသည်။

သည်လိုနှင့် ခြောက်လမျှ ကြာသွားခဲ့လေသည်။ ထိုအတောအတွင်း ဂျပန်များနှင့် အလိုတော်ရိများ သုံးလေးငါးခေါက်မျှ ရောက်လာကြသေး၏။ သို့သော် အောင်ဗလ တစ်ကြိမ်သာ အရိုက်ခံခဲ့ရ၏။

"မသိတဲ့လူကို အတင်းသိခိုင်းနေလို့ ဘယ့်နှယ့်လုပ်ရမလဲဗျ"

ဟူ၍ ပြောမိသောကြောင့် ဂျပန်စကားပြန်က ရိုက်ခြင်းဖြစ်၏။ သို့သော် အရိုက်ခံရကျိုး နပ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ထိုနေ့ည

www.burmeseclassic.com

 www.burmeseclassic.com 

ကပင်လျှင် သူ့ဖခင်နှင့် ကိုကြီးသာဒင်တို့ ရွာနောက်ဘေး စည်းရိုးမှ တိတ်တဆိတ် ဝင်လာ၍ ကိုယ့်မိသားစုနှင့်ကိုယ် တစ်နာရီမျှ ခိုးကြောင် ခိုးဝှက် စကားပြောလိုက်ရသောကြောင့် ဖြစ်၏။

ထိုညသည်ကား အောင်ဗလနှင့် မြမေတို့အဖို့ ပျော်စရာ အကောင်းဆုံး ညများပေတည်း။

တော်လှန်ရေးသမားကြီး နှစ်ယောက်တို့သည် ပိန်လှီနေကြရှာသည်။ သို့သော် သူတို့မျက်လုံးများက တောက်ပြောင်နေဆဲပင်၊ သူတို့သည် မိသားစုများအား ကျန်းမာရေး စားရေးသောက်ရေးကို မေးမြန်းပြီး ဂျပန်တော်လှန်ရေး တစ်စတစ်စ အောင်မြင်နေပြီဖြစ်ကြောင်း၊ အထက်အမိန့် မရသေးသဖြင့်သာ ယခုကဲ့သို့ ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်နေရသေးကြောင်း၊ သို့ရာတွင် အတန်အသင့် အောင်မြင်နေကြောင်းများကို ပြောဆိုပြီးနောက် နှုတ်ဆက် ပြန်သွားခဲ့ကြ၏။

နောက်တစ်နေ့ နေ့လယ်တွင် အောင်ဗလနှင့် မြမေတို့သည် ညက အဖြစ်အပျက်ကို ရေပက်မဝင်အောင် အားရပါးရ ပြောမိနေကြလေသည်။

"အေး. . သည်စကားတွေကို တခြားတစ်ယောက်ယောက်ဆီ ယောင်လို့မှ မရောက်စေနဲ့နော်"

"ငါသိပါတယ်ဟယ်"

အောင်ဗလသည် စောစောက တက်တက်ကြွကြွ ပြောခဲ့သော အမူအရာများကို ပြောင်းလဲလိုက်ပြီး မချိုမချဉ်မျက်နှာဖြင့် မြမေကို ရီဝေစွာ ကြည့်လိုက်လေသည်။

"နင့်ကို သူတို့ စကြသေးလား"

"ဟေ့အေး"

"အေး. . ကောင်းတယ်၊ ကောင်းတယ်"

"နို့. . နေစမ်းပါဦး အောင်ဗလရဲ့၊ နင်က ဘာကြောင့် ဒါကိုပဲ ခဏခဏ မေးနေရတာလဲ"

www.burmeseclassic.com

 www.burmeseclassic.com 

"သူတို့က ငါ့ကို ခဏခဏ မေးသကိုးဟ၊ ဒီတော့ ငါလဲ စိတ်တို လာတာပေါ့"

မြမေသည် အောင်ဗလကို ချစ်ဖွယ်ကောင်းသော မျက်စောင်း တစ်ချက် ထိုးလိုက်၏။

"အေး ဒီတစ်ခါမေးရင် ပြောလိုက်၊ ဖြစ်နေတယ် ဘာဖြစ်လဲလို့"

"ဘာဖြစ်နေတာလဲဟ"

"အို . . သူတို့ထင်သလို ဖြစ်နေကြတယ်လို့ ပြောလိုက်ပေါ့ဟ"

"ငါ မပြောရဲဘူးဟ"

"မပြောရဲရင် ဘာကြောင့် ဒီစကားပဲ လာလာစနေရတာလဲ"

"ငါလဲ မသိတော့ဘူးဟာ"

သည်လိုနှင့်သာ သူတို့နှစ်ဦးသည် ယောင်ချာချာ နေခဲ့ကြပြန် လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# (၃)

အောင်ဗလသည် ခင်တန်းအစပ်ရှိ ကင်ပွန်းချုံနောက်ကွယ်မှ အလျားမှောက်၍ ချောင်းမြောင်းနေသည်။ သည်မနက်တခင်းလုံး သူ ထောင်ထားသော ကျော့ကွင်းအနီးသို့ ချိုးငှက်တစ်ကောင်တလေမှပင် မလာသေးချေ။

"တောက်. . ဒီနေ့ လာဘ်ကို မကောင်းဘူး၊ နတ်မလိုက်ဘူး ဆိုတာ ဒါပဲနေမှာပဲ"

ဤသို့လျှင် တစ်ယာက်တည်း တောက်တစ်ခေါက်ခေါက်နှင့် ဖြစ်နေသည်။ နေသည် ထန်းတဖျားကျော်၍ သွားလေပြီ။

ထိုအချိန်တွင် သူ၏ နောက်ကျောဘက်မှ အရေးတကြီး အော်လိုက်သော မြမေ၏ အော်သံကို ကြားလိုက်ရသည်။

"အောင်ဗလ. . အောင်ဗလ"

အောင်ဗလ ဒေါသဖြစ်သွားသည်။ သူချစ်သော မြမေပင် ဖြစ်လင့်ကစား ခုလို အသက်ရှူသံပင် ထိန်းသိမ်းပြီး လုပ်ရသော ချိုးထောင်သည့် အလုပ်တွင် မြမေ၏အသံသည် အနှောင့်အယှက် အလွန်ကြီးမားလေသည်။

www.burmeseclassic.com

 www.burmeseclassic.com 

မြမေဘက်သို့ ဆတ်ကနဲလှည့်ရင်း စိတ်ပျက်လက်ပျက် ဆောင့်ကြောင့် ထိုင်ချလိုက်သည်။ မကျေနပ်သော မျက်လုံးဖြင့်လည်း ကြည့်လိုက်မိသည်။

မြမေကမူ အောင်ဗလ၏ အမူအရာကို ဂရုမထားချေ။ ဒီးဒီးကျနေသော နဖူးမှ ချွေးများကို လက်ဖျံဖြင့် ကပျာကသီ သုတ်လိုက်ရင်း ပါးစပ်ကလေး ဟိစိစိဖြင့် အမောတကော ဖြစ်နေသည်။

"ဘာလဲ မြမေ"

အောင်ဗလ၏ ငေါက်ဆတ်ဆတ်အမေးကို မြမေသည် ရုတ်တရက် မဖြေနိုင်သေးချေ။ စကားပြောနိုင်လောက်အောင် အမောမပြေသေးသည့်နည်းတူ သူ ဘယ်ကစ၍ ဘာပြောရမှန်းကိုလည်း စဉ်းစားနေရရှာသည်။

"ပြောလေဟာ"

အောင်ဗလက ထပ်၍ အော်လိုက်တော့မှ ဆတ်ကနဲ တုန်သွားပြီး. .

"နင့်အမေ. . နင့်အမေ"

"ဘာ. . ငါ့အမေ. . ဘာ. . ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်းတော့ မသိဘူး၊ ဆရာတော်ကျောင်းကအပြန် အိမ်လဲရောက်ရော မူးတယ် မူးတယ်ဆိုပြီး ပစ်လဲတော့တာပဲတဲ့"

အောင်ဗလသည် မြမေ ဆက်လက် ပြောဆိုမည့် စကားများကို လျစ်လျူရှုကာ သူ ကျောင်းနေသော ကျွဲပေါက်ကလေး သံလုံးလို ရွာဘက်ဆီသို့ တဟုန်ထိုး ပြေးလာခဲ့လေတော့သည်။

အောင်ဗလ၏ စိတ်သည် ယောက်ယက်ခတ်နေ၏။ သူ တစ်သက်နှင့် တစ်ကိုယ် အမေ တစ်စုံတရာသော ဝေဒနာ ဖြစ်လာလိမ့်မည်ဟု ဘယ်တုန်းကမျှ မစဉ်းစားဖူးခဲ့ချေ။

ပထမဦးဆုံးအကြိမ် ဖြစ်သည့်နည်းတူ စိုးရိမ်စိတ်သည် အတိုင်းအဆမရှိ ကြီးမားနေလေသည်။ "ဘာဖြစ်တာများပါလိမ့်" ဟူသော မေး

www.burmeseclassic.com

www.burmeseclassic.com


ခွန်းကိုသာ သူ့ဘာသာ ပြေးနေရင်းက အကြိမ်ကြိမ် မေးနေမိသည်။

သူ သွားလာနေကျ၊ နွားကျောင်းနေကျ၊ ချိုးထောင်နေကျ လမ်းကြောင်းပေါ်မှာပင်လျှင် ဖြောင့်ဖြောင့်ဖြူးဖြူး မပြေးလွှားနိုင်ဘဲ ဖြစ်နေသည်။ သူ၏ ပြေးအားကိုလည်း သူ့ဘာသာသူ မကျေနပ်ချေ။

ရွာထိပ်သို့ ရောက်လာ၏။

ပြေးအားကို မြှင့်လိုက်သည်။

မျက်စိကို အိမ်ရှိရာအရပ်သို့ ကြည့်လိုက်သည်။

အောင်ဗလ ခလုတ်တိုက် လဲလေသည်။

ဘာနှင့်ဘယ်လို တိုက်၍လဲမှန်း မသိသော်လည်း ဒူးခေါင်း စပ်ဖျဉ်းဖျဉ်း ဖြစ်သွားခြင်းနှင့် ခြေချင်းဝတ် သပွတ်တိုင်ဆီမှ မြက်ကနဲ ဖြစ်သည်ကိုသာ သတိထားမိသည်။ ဆက်ပြေးမည်ဟု ထလိုက်သောအခါ ထို ခြေချင်းဝတ် သပွတ်တိုင်မှ အောင့်သက်သက် ဖြစ်နေသောကြောင့် ထော့နင်းထော့နင်း ဖြစ်နေလေသည်။ တစ်ဆက်တည်းမှာပင် နိမိတ်ဟု တောသူတောင်သား သဘာဝယုံကြည်မှုနှင့်အတူ အောင်ဗလ၏ နှုတ်မှ ကျယ်လောင်သော အသံနက်ကြီးတစ်ခု ထွက်ပေါ်လာသည်။

"အမေ"

အဆက်မပြတ်အော်ရင်း အောင်ဗလ အိမ်သို့ ပြေးလေသည်။

× × × × ×

ဝင်းဝသို့ ရောက်လျှင်ပင် မလိုအပ်ဘဲလျက် အမိန့်သြဇာ ပေးလေ့ပေးထရှိသော ဒေါ်အမာ၏အသံကို စီကနဲ ကြားလိုက်ရလေသည်။

ရွာတွင် ဘယ်အိမ် အလှူရှိသနည်း၊ ညအိပ်ညနေ ချက်ပြုတ်ရမလား ဒေါ်အမာ အဆင်သင့်။

ဘယ်အိမ်မှာ မင်္ဂလာဆောင်ရှိသည်၊ ကောက်ညှင်းပေါင်း ပေါင်းဖို့ရာ ဒေါ်အမာ အဆင်သင့်။

ဘယ်အိမ်မှာ ဘာတွေဖြစ်ဖြစ် ထစ်ကနဲဆို ဒေါ်အမာ ရောက်နှင့်နေပြီ။

www.burmeseclassic.com


ဘယ်အိမ်မှာ အသုဘရှိသနည်း၊ အောင်မလေး အဘလေးနှင့်၊ ဆိုင်သည် မဆိုင်သည်အပထား အဒေါ်အမာ ငိုပြီးသား ဖြစ်နေပြီ။

ခု ဒေါ်အမာ၏ ကျယ်လောင်သော ငိုသံကို အောင်ဗလ ကြားရပြီ။

ဒေါ်အမာ၏ လုပ်ရပ်မှန်သမျှကို အမြဲတမ်း ရယ်ပွဲဖွဲ့ခဲ့သော အောင်ဗလသည် သည်တစ်ကြိမ်၌မူ သူ၏ ရင်ဝတည့်တည့်သို့ ငှက်ဆိုးတစ်ကောင် လာထိုးလိုက်သလို ခံစားလိုက်ရပါတော့သည်။

သိပြီ။

အမေ ဆုံးပြီကော။

× × × × ×

အမေဆုံးပြီးသည့် နောက်ပိုင်းတွင် အောင်ဗလ ရာထူးတက်လေ၏။ သို့မဟုတ် ဘွဲ့ထူးတစ်ခု တိုးပြန်လေ၏။

နွားကျောင်းသားအပြင် ဘုန်းကြီးကျောင်းသား ဟူသော ဘွဲ့တံဆိပ် ထပ်မံရရှိခြင်း ဖြစ်လေ၏။

မြန်မာလူမျိုးတို့ နေထိုင်သော ကျေးရွာများသည် အများအားဖြင့် နီးစပ်ရာ ဆွေမျိုးသားချင်းများ စုပေါင်းနေထိုင်ရာ မိသားစု ဒေသကလေးများ ဖြစ်လေ့ဖြစ်ထရှိပါသည်။ တောင်ဘက်အိမ်က ဒွေးလေးဖြစ်လျှင် မြောက်ဘက်အိမ်က ဘကြီးအိမ် ဖြစ်နေတတ်၏။ စသည်ဖြင့် ရွာတစ်ရွာ တည်ပြီဆိုလျှင် ဆွေမျိုးသားချင်းများ စုပေါင်းနေထိုင်တတ်ကြသည်သာ များပြားတတ်လေသည်။

မြို့ကြီးပြကြီးများတွင် တစ်ကောင်ကြွက်ဟူ၍ ဆိုရိုးစကား ရှိတတ်သော်လည်း တောလက်ကျေးရွာများတွင် တစ်ကောင်ကြွက် တစ်မျက်နှာဟူ၍ အလွန်မတန်မှ ရှားပါးတတ်လေသည်။ စောစောကပြောသလို ရွာတစ်ရွာ တည်မိပြီဟော့ ဆိုသည်နှင့် ဆွေမျိုးသားချင်းဟူ၍ ပါတော့ရစမြဲ ဖြစ်သောကြောင့်ပင် ဖြစ်၏။ အစက မရှိသည့်တိုင်အောင် ရွာအရှေ့က

www.burmeseclassic.com

www.burmeseclassic.com


ဖိုးကြွက်နှင့် ရွာအနောက်က မိဖား ညားကြလေသတည်းဆိုလျှင်ပင် ဆွေမျိုးဟူ၍ ဖြစ်လာရသည်မဟုတ်ပါလား။

သို့သော်. .

အောင်ဗလအဖြစ်မူ သည်ရွာမှာ တစ်ကောင်ကြွက်မှ တကယ့်ကို တစ်ကောင်ကြွက် ဖြစ်နေရသည်။ သူ့မှာ ဆွေမျိုးသားချင်းဟူ၍ လုံးဝမရှိချေ။

ဆွေမျိုးသားချင်းဟူ၍ မရှိရှာသော တစ်ကောင်ကြွက်များ၏ အားကိုးရာအနေနှင့် ယဉ်ကျေးမှု အစဉ်အလာအရ ဘုန်းကြီးကျောင်းများသာ ရှိနေသည်ဖြစ်ရာ အောင်ဗလသည်လည်း အမေသေသောအခါ ဘုန်းကြီးကျောင်းသား ဖြစ်လာရပြန်သည်မှာ မဆန်းပါတော့ချေ။

သို့ရာတွင် အောင်ဗလ၏ဘဝ အောက်တန်းမကျခဲ့ပါချေ။

ဆရာတော်သည် လောကုတ္တရာရေးသာမက လောကီရေးတစ်ပါး အပါအဝင်ဖြစ်သော အမျိုးသားရေးစိတ်ဓာတ် အလွန် ကြီးမားသူဖြစ်လေရာ အောင်ဗလ၏ဖခင် အသက်သွင်းပေးခဲ့သော ဖက်ဆစ်တော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်များသည် ဆရာတော်၏ အချောသတ် ကိုင်တွယ်ပေးမှုကြောင့် ပိုမို၍ တောက်ပြောင်လာခဲ့ရပေတော့သည်။

ဆရာတော်သည် အောင်ဗလကို များစွာ ချစ်ခင်သနားတော်မူပေသည်။

ဘုန်းကြီးကျောင်းစာအပြင် အတန်းကောင်းစာများကိုပါ သင်ကြားပို့ချပေး၏။ အချိန်အားရတိုင်းလည်း နိုင်ငံ၏ သမိုင်းကြောင်း စသော တိုးတက်ရေး သင်ခန်းစာများကို ပို့ချတော်မူပေသည်။

သည့်အပြင် ကပ္ပိယကြီးထံမှလည်း သိုင်း စသော ကိုယ်ခံပညာရပ်များကို သင်ကြားတတ်မြောက်ခွင့် ရခဲ့လေသည်။

ဆရာတော်ကျောင်းမှာ နေရစဉ်အတွင်း တစ်ခါတစ်ခါတော့လည်း ပေါ်ချာချာ တွေးမိသေးသည်။ ခုလို တစ်ကိုယ်ရေတစ်ကာယ ဘုန်းကြီးကျောင်းသားဘဝနှင့် ထင်ရာမြင်ရာ လုပ်နေရသည်မှာ မိသားစုနှင့် ထွေး

www.burmeseclassic.com

www.burmeseclassic.com


ထွေးနွေးနွေး နေရသည်ထက် လွတ်လပ်ပျော်ရွှင်ဖွယ် ကောင်းသည်ဟူ၍၊

မှန်တော့လည်း မှန်သင့်သလောက် မှန်၏။ ဘုန်းကြီးကျောင်းသား ဘဝနှင့် နေရသောကာလဝယ် လောကီရေးရာတာဝန်ဟူ၍ သူ့မှာ မရှိ၊ ဆရာတော်၏ဝေယျာဝစ္စ ကိစ္စပြီးလျှင် သူ့မှာ အားလပ်ချိန်များစွာရှိသည်။

တစ်ခုပဲ၊ ချိုးငှက်ထောင်ခြင်းတည်း ဟူသော သူ့ဝါသနာကိုတော့ စွန့်လိုက်ရသည်။ ဆရာတော်က ခွင့်မပြု။

"လောကီသားမို့ သူ့အသက် သတ်သင့်သတ်ကြတယ်ဆိုတာ ငါ နားလည်ပါတယ်၊ ဒါပေမယ့် အပြစ်မဲ့တဲ့ အသက်ကို သတ်တာတော့ ငါ မလိုလားဘူး၊ တားမြစ်ရလိမ့်မယ်" ဟု သူ့ကို ဆုံးမတော်မူသည်။

ဆရာတော်၏ စကားသည် သည်းခံခြင်း သီလကို မနိုင်နင်းသေး ကုန်သော လောကီသားများပီပီ အပြစ်ရှိသော သူ၏ အသက်ကို သတ်ချင်လည်း သတ်နေကြသည်မို့ နားလည်မှုရှိဟန်ကို ပြလေ၏။

ကောင်းပြီ၊ အပြစ်ရှိသောသူ ဟူသည် အဘယ်နည်း။

"ဟ. . တိုင်းပြည်နဲ့ လူမျိုးတစ်ခုလုံးအတွက် အသက်အိုးအိမ် စည်းစိမ်ချမ်းသာကို ထိခိုက်စေတဲ့ စစ်ဘီလူး နယ်ချဲ့ဖက်ဆစ်တွေကိုတော့ သတ်သင့်ရင် သတ်ရမှာပေါ့ကွ" ဟု ကပ္ပိယကြီးက အဓိပ္ပါယ် ဖွင့်ဆိုပြန်သည်။

အောင်ဗလသည် ဆရာတော်ကျောင်းမှစ၍ အသိဉာဏ်ဖွံ့ဖြိုးစ ပြုသည်ဟုဆိုက ဆိုနိုင်ပေသည်တကား။

× × × × ×

မြမေနှင့်ကား ကင်းကွာသည်ထက် ကင်းကွာစ ပြုလာခဲ့ရရှာသည်။

အထူးသဖြင့် အောင်ဗလသည်လည်း သူပုန်၏သား၊ မြမေသည်လည်း သူပုန်၏ နှမမို့ တပူးတွဲတွဲ အနေများလျှင် ပို၍ လူသိအထင်ခံရမည်မဟုတ်ပါလား။ သည့်အတွက် ဖွင့်မပြောရပါပဲလျက်နှစ်ဦးသဘောတူ ကင်းကွာနေကြရသည်ဟု ဆိုရပေမည်။

www.burmeseclassic.com

တစ်ခါတရံ ဆရာတော်ကျောင်းသို့ မြမေတစ်ယောက် ဆွမ်းပို့ရောက်မှသာ နှစ်ဦးသား ဆုံတွေ့ဖြစ်ကြလေသည်။ ဒါတောင် အောင်ဗလ နွားကျောင်းသွားနေရချိန်နှင့် ကြုံလျှင် မဆုံဖြစ်ကြပြန်ပါ။

"ဘဝဆိုတဲ့အရာရဲ့ အဓိပ္ပါယ်ဟာ မင်းလို နွားကျောင်းသား၊ ဘုန်းကြီးကျောင်းသား မပြောနဲ့ ငါလို တရားဓမ္မကိုသာ အစဉ်တစိုက် ရှာဖွေနေတဲ့ ဘုန်းကြီးရဟန်းတစ်ပါးတောင်မှ ရေးရေးသိတယ်ဆိုရုံ ရှိသေးတာကလား အောင်ဗလရဲ့"

ဆရာတော်က မိန့်ဆိုဖူးပြန်သည်။

မှန်ကန်လှပါ၏ ဘုရား။

အောင်ဗလသည် ဘဝဆိုသော အရာ၏ အဓိပ္ပါယ်ကို ကောင်းစွာနားမလည်ခင်မှာပင် ဘဝ၏ အလှည့်အပြောင်းများစွာကို ခံရသည်မှာ ဆုံးခန်းတိုင်သည် မရှိတော့ချေ။

ဘဝသည် သူ့အား အမျိုးမျိုးသော ပညတ်ကို ပေးလေ၏။

အကုသိုလ်၊ ကုသိုလ် ဤနှစ်မျိုးသည် အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်တတ်သော သဘာဝရှိမှန်း သိကြပါလိမ့်မည်။

အောင်ဗလအဖို့ရာ အကုသိုလ်သည် အလုံးအရင်းနှင့် ဝင်ရောက်လာပါတော့သည်။

ခွေးလေခွေးလွင့်ဟု အများက သမုတ်ကြသော မြန်မာခွေးများသည် အလွန်သစ္စာရှိတတ်ကြလေသည်။ တခြားကို မကြည့်ကြပါနှင့်၊ သည်မနက် တစ်ရွာလုံးရှိ ခွေးများ စုပေါင်းကာ ရွာထိပ်ဆီမှ ဝိုင်းဝန်းဟိန်းဟောက်နေသံများ ကြားနေရခြင်းကိုသာ ကြည့်ပါတော့။

ခွေးတို့ကသည် အရင်အခါများကလို မိမိသခင် အိမ်ဝင်းအနီးသို့ လူစိမ်းသူစိမ်း ချဉ်းကပ်လာသောအခါမှ ပတ်သက်ရာ ခွေးက ဟောင်ခြင်းမဟုတ်ဘဲ ခွေးထုကြီးတစ်အုပ်လုံး စည်းစည်းရုံးရုံးနှင့် ဟစ်အော် ဟိန်းဟောင်နေခြင်း ဖြစ်သည်။

ဒါဆိုလျှင် သေချာပြီ။ ရွာသို့ ဂျပန်များ ဝင်လာကြပြီ။

www.burmeseclassic.com

www.burmeseclassic.com


ဖက်ဆစ်ဂျပန်များကို လူမှမဟုတ်၊ ခွေးများကပင် မုန်းကြသည် တကား။ အောင်ဗလတို့ ရွာကလေးသည် သစ္စာရှိသော ဗမာခွေးများ၏ လှုံ့ဆော်မှုကြောင့် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

ဖျိုပျိုရွယ်ရွယ် မိန်းမလှကလေးတို့သည် ဂျပန်၏ရန်ကို ကြောက်သဖြင့် လွတ်ရာသို့ ရှောင်တိမ်းပြေးလွှားကြသည်။

မြမေတစ်ယောက်သည်လည်း သူ့အတွက် လွတ်ရာကျွတ်ရာဟု ထင်သော ရွာဦးကျောင်းဆီသို့ ခင်တန်းကလေးကို ဖြတ်၍ ပြေးခဲ့သည်။ မြမေ၏ အတွင်းရန်သူ ဟူသမျှတို့၏ လွတ်ငြိမ်းချမ်းသာရာသည် ရွာဦးကျောင်းမှာသာ ရှိသည်ဟု စွဲမှတ်ထားခဲ့သည်။

ပြီးတော့ ရွာဦးကျောင်းမှာ အောင်ဗလရှိသည် မဟုတ်လား။

ကြခတ်ဝါးရုံတန်းများ ကာရံထားသော ဆရာတော်ကျောင်း ပရဝုဏ်အတွင်း တိုးဝင်လိုက်မိပြီဆိုလျှင် လောကကြီးသည် ငြိမ်းချမ်းသွားသကဲ့သို့ ရှိလေသည်ဟု မြမေထင်သည်။

စိတ်သွားတိုင်း ကိုယ်ပါပြီး ကြောက်စိတ်ဖြင့် အားကုန် သွန်ပြေးလာခဲ့ရသော မြမေသည် ရွာသူရွာသားတို့အတွက် ဆရာတော်က အပေါသုခံ ဒါနပြုထားသော တနည်းအားဖြင့် လိုသလောက် ဆွတ်ယူစားသောက်ခွင့် ပေးထားသော မရမ်းပင်ကြီးအောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရှာသည်။

အမောဆို့လာသူတို့ သဘာဝအတိုင်း တစ်စုံတစ်ရာ အော်ဟစ်ပြောဖို့ရန် မတတ်နိုင်ဘဲ ရှိနေစဉ်မှာပင် ဆရာတော်၏ သင်္ကန်းပရိက္ခရာများကို သန့်ရှင်းရေး ပြုလုပ်ရန်အတွက် တစ်ထုပ်တပိုးကြီး ထမ်းရင်း ကျောင်းပေါ်မှ ဆင်းလာသော အောင်ဗလကို မြင်လိုက်ရလေသည်။

အောင်ဗလသည် ဘာမျှ မထူးခြားသလို ပြုံးပြလိုက်၏။ ထို့နောက် ဆရာတော်၏ ပစ္စည်းများကို နေပူရှိန်ရရှိရာ ကျောင်းရှေ့ကပြင်ပေါ်တွင် ဖြန့်တင်ထားပြီး မြမေထံကို အေးအေးဆေးဆေးပင် လျှောက်လာခဲ့သည်။

“ဟဲ့. . မြမေ၊ နင် ဘာဖြစ်လာတာလဲ၊ အမောတကောနဲ့”

www.burmeseclassic.com

www.burmeseclassic.com


မြမေ ရုတ်တရက် ပြန်မဖြေနိုင်၊ အသက်ကိုသာ ဝအောင် ရှူနေရသည်။

အောင်ဗလသည် မြမေနှင့် မျက်နှာချင်းဆိုင်တွင် တင်ပျဉ်ချိတ်ထိုင်လိုက်သည်။

"ပြောပါဦးဟ၊ နင်ဘာဖြစ်လာသလဲ"

"ဟိုမှာ. . ဟိုမှာ. . ရွာထဲမှာ"

"ဘာဖြစ်လို့လဲ"

"ဂျပန်တွေ. . ဂျပန်တွေ ရောက်နေတယ်"

"ဟင်. . "

အောင်ဗလသည် ပြောပြောဆိုဆိုပင် မြမေ၏ လက်ကောက်ဝတ်ကလေးကို ဆတ်ကနဲ ကိုင်လိုက်ရင်း ဆရာတော်ရှိရာ ကျောင်းမကြီးဆီသို့ ဆွဲခေါ်သွားသည်။

ကိုယ့်ဘာသာကိုယ် ပြေးလာရစဉ်က ခြေနိုင်လက်နိုင်ရှိခဲ့ပါလျက် ကယ်နှင့် ယခု သူ့လက်ကလေးကို အောင်ဗလက ကျစ်ကျစ်ပါအောင် ဆုပ်ဆွဲပြီး ရှေ့က ပြေးသွားသောအခါ ရှိသမျှ အားများ ကုန်ခမ်းသလိုဖြစ်ပြီး ဒရွတ်တိုက် ပါသွားလေသည်။

မိန်းမသားတို့ သဘာဝပေပဲ၊

ဆရာတော်ကို အကျိုးအကြောင်းပြောပြလိုက်သောအခါ ဆရာတော်က ကပ္ပိယကြီးကို လှမ်းခေါ်လိုက်ပြီး. .

"ကိုင်း ကလေးတို့နှစ်ယောက် သူနဲ့လိုက်သွားပြီး ကျောင်းအောက်က ပစ္စည်းတွေထားတဲ့ အခန်းထဲမှာ ပုန်းနေကြ၊ ဒီကောင်တွေ လာရင် ငါ ကြည့်ရှင်းမယ်"

"တပည့်တော် ခဏသွားချင်တယ် ဘုရား"

အောင်ဗလ စောဒကတက်လိုက်သည်။

"ဟဲ့ ငါပြောတာ လုပ်စမ်း၊ နင့်မှာလဲ နင့်အဖေနဲ့ပတ်သက်ပြီး ဂျပန်တွေက မလိုရင် မလိုသလို လုပ်နေအုံးမှာ၊ ကိုင်း. . ကိုင်း. . သွားကြ

www.burmeseclassic.com

www.burmeseclassic.com


. . သွားကြ"

သူတို့သည် ဆရာတော် ညွှန်ကြားသည့်အတိုင်း ကျောင်းအောက်ရှိ ပစ္စည်းထားရာ အခန်းတွင်းတွင် ပုန်းနေလိုက်ကြသည်။

× × × × ×

ဒိုင်းကနဲ ဒိုင်းကနဲ မြည်သော သေနတ်သံလေးငါးချက်သည် ရွာလယ်ဆီမှ ရွာဦးကျောင်းဆီသို့ ကြောက်လန့်တကြား လွင့်ပျံ့လာလေသည်။

မြမေသည် အောင်ဗလ၏ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး 'အီ' ကနဲ တစ်ချက် ငိုချလိုက်လေသည်။

ကပ္ပိယကြီးသည် ကြောက်လွန်းသဖြင့် အန္တရာယ်ကင်းပရိတ်ကို ရွတ်နေသော်လည်း မေးချင်းရိုက်နေသဖြင့် အသံများ မပီမသ ဖြစ်နေသည်။

အောင်ဗလအဖို့ရာမူ ငယ်စဉ်ကတည်းက ကြောက်စိတ်လန့်စိတ်နည်းပါးခဲ့သူဖြစ်သောကြောင့် မတုန်မလှုပ်ရှိသော်လည်း သည်တစ်ကြိမ် သေနတ်သံကြားရသောအခါ ဘာကြောင့်မှန်းမသိ၊ သူ့ရင်နုနုကလေး 'ဒိုင်' ကနဲ ခုန်သွားသည်။ ဘုန်းကြီးကျောင်းသားပီပီ ရွာထဲမှာတော့ အတိတ်နိမိတ်ဆိုးတစ်ခု ဖြစ်ပေါ်နေပြီ ဟူ၍ ခံစားလိုက်ရသည်။

အတန်ကြာသောအခါ ဖိနပ်ချွတ်သံများ၊ ကြမ်းပြင်ကို ရှိုရှိုသေသေ ဖွနင်းသွားသံများ၊ ကျောင်းရှေ့ လှေကားရင်းဆီမှ ဂျပန်စကားသံများ စသည်ဖြင့် ကြားလာရသည်။

သေချာပြီ၊ ဂျပန်များ ကျောင်းသို့ ရောက်လာကြပြီ၊ သို့ရာတွင် အောင်ဗလသည် ဆရာတော်ကို နတ်ဒေဝတာများထက် ပို၍ ယုံကြည်လေသည်။

ဆရာတော်သည် ပြဿနာတစ်ခုကို အလွန်အေးအေးသာယာစွာ ဖြေရှင်းတတ်ကြောင်း အတွေ့အကြုံအရ အောင်ဗလသိခဲ့ပြီး ဖြစ်လေသည်။

www.burmeseclassic.com

 www.burmeseclassic.com 

အောင်ဗလ ယုံကြည်သည်အတိုင်းပင် မကြာမတင်အချိန်အတွင်း ဂျပန်များသည် ကျောင်းပရိဝုဏ်အတွင်းမှ ထွက်ခွာသွားကြကြောင်း သိလိုက်ရသည်။ အောင်ဗလသည် အတွင်းမှပိတ်ထားသော တံခါးကန့်လန့်ကို ဆွဲဖြုတ်လိုက်သည်။ ကပ္ပိယကြီးကမူ ထိတ်လန့်တကြားဖြင့် အောင်ဗလ လက်ကို ဝင်ဆွဲသည်။ ခဏနေဦး သဘောမျိုး။ မြမေသည် ထောင့်ကွေးကွေးတွင် ကွေးလျက် တအီအီ ငိုရှိုက်နေသည်။

အောင်ဗလက မြမေအနီးသို့ ကပ်လျှောက်သွားပြီး မြမေ ခေါင်းကလေးကို ကိုင်လိုက်သည်။

"မြမေရယ်. . ငိုမနေပါနဲ့ကွာ၊ ဂျပန်တွေလဲ ပြန်သွားပြီပဲ"

"ဒါပေမယ့် ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲဟာ"

အောင်ဗလ၏စိတ်သည် စောစောကလိုပင် နိမိတ်ဆိုးတစ်ခုကို ခံစားထိတွေ့လိုက်ရသလို ဖြစ်သွားပြန်သည်။

သို့သော် မြမေ၏လက်ကို ရဲရဲတင်းတင်းပင် ဆွဲကိုင်လျက် ဆရာတော်ရှိရာသို့ တက်လာခဲ့လေသည်။

ဆရာတော်သည် ထုံးစံအတိုင်းပင် အေးအေးလူလူ စင်္ကြံလျှောက်လျက်ရှိလေသည်။

"ဘာတွေ ဖြစ်ကုန်ပြီတဲ့လဲဘုရား"

ကပ္ပိယကြီးက ထိတ်လန့်တကြား မေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူးကွယ်၊ အေးအေးချမ်းချမ်းပါပဲ၊ ကိုင်း. . ကိုင်း မမြမေကိုလဲ အိမ်က စိတ်ပူနေဦးမယ်၊ ကပ္ပိယကြီးက လိုက်ပို့လိုက်ဦး"

ဆရာတော်မိန့်ဆိုသည်ကို ကြားရသောအခါ မြမေနှင့် ကပ္ပိယကြီးတို့ စိတ်အေးလက်အေး ရှိသွားကြသော်လည်း အောင်ဗလအဖို့ရာ၌မူ မြမေကို မိမိအား ပြန်ပို့မခိုင်းဘဲ ကပ္ပိယကြီးအား ပြန်ပို့ခိုင်းလိုက်သည်ကို ကြည့်ခြင်းအားဖြင့် ဆရာတော် မိမိအား တစ်စုံတရာ မိန့်စရာရှိနေပြီမှန်းကို သဘောပေါက်လိုက်လေသည်။

ကပ္ပိယကြီးနှင့် မြမေတို့ ကျောင်းပေါ်မှ ဆင်းသွားသောအခါမှ

www.burmeseclassic.com

www.burmeseclassic.com


အောင်ဗလသည် ဆရာတော်ဘက်သို့ မျက်နှာမူလိုက်သည်။ သည်နေ့ဖြစ်ရပ်သည် မိမိနှင့် တစ်စုံတရာ ပတ်သက်နေမည်မှာ သေချာကြောင်း အောင်ဗလ သိနေသည်။

ဆရာတော်ကျောင်းသို့ ဂျပန်များ ရောက်လာကတည်းက မိမိကိစ္စမှတစ်ပါး အခြားမရှိနိုင်။

"အရှင်ဘုရား၊ တပည့်တော်ဖခင် ဘာဖြစ်လို့ပါလဲ ဘုရား"

အောင်ဗလသည် ကတုန်ကယင်နိုင်သော အသံဖြင့် ဆရာတော်အား လျှောက်ထား မေးမြန်းလိုက်သည်။

ထိုအခါ ဆရာတော်သည် ကြီးမားလှစွာသော ကရုဏာဖြင့် အောင်ဗလကို ကြည့်နေသည်။

"အိမ်း. . နင်ဟာ ချက်ဆို နားခွက်က မီးတောက်တဲ့ လူကလေးပါကလား အောင်ဗလရယ်"

ဆရာတော်သည် ကျက်သရေခန်းဘက်ဆီသို့ မျက်နှာမူလိုက်ပြီး သက်ပြင်းကို လေးတွဲ့စွာ သံဝေဂတရားရစွာ ဆွဲဆွဲငင်ငင် ချလိုက်သည်။ အောင်ဗလ၏ရင် တဒိတ်ဒိတ်ခုန်နေသည်။

"တပည့်တော် ရွာထဲကို ခဏသွားပါရစေဘုရား"

ဆရာတော်က ခေါင်းညိတ်ပြလိုက်သည်။

ကျောင်းတံခါးဝသို့ အောင်ဗလ ရောက်သောအခါကျမှ. .

"အောင်ဗလ"

"ဘုရား"

ဆရာတော်ရှေ့သို့ အောင်ဗလ ပြန်လျှောက်လာသည်။

"ငါပြောတာ မှတ်သွား၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲဆိုတာ ဘယ်သူမှ ရှောင်လွှဲလို့မရဘူး၊ ဒါပေမယ့် သေရမှာကို ကြောက်တဲ့လူနဲ့ မကြောက်တဲ့လူပဲ ကွာခြားတယ်၊ မိမိရဲ့ စည်းစိမ်ဥစ္စာအတွက် သေရမှာ ကြောက်နေတဲ့လူနဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် သေရမှာ မကြောက်တဲ့ လူဟာ နံ့သာဆီနဲ့ ရေလို ကွာခြားတယ်၊ နင့်အဖေဟာ မြင့်မြတ်လှပါတယ်

www.burmeseclassic.com

 www.burmeseclassic.com 

ကိုင်း. . ကိုင်း သွားလိုက်ဦး"

"တပည့်တော် သဘောပေါက်ပါပြီဘုရား"

အောင်ဗလသည် ကျောင်းပရိဝုဏ်အတွင်းမှ ပြေးထွက်လိုက်မိသည် ဆိုလျှင်ပင် နွားသိုးပေါက်ကလေးကဲ့သို့သော အော်မြည်ခြင်းဖြင့် အသံကုန်ဟစ်လိုက်သည်။

"အဖေ"

× × × × ×

ရွာလည်သို့ ရောက်သောအခါ ရုံးစုရုံးစုနှင့် လူတစ်စုကို တွေ့ရသည်။ ထိုလူစုသည် ရွာလယ်လမ်းတစ်နေရာကို ဝိုင်းအုံကြည့်ရှုနေသည်။ သူတို့အထဲမှ တစ်စုံတစ်ယောက်က အောင်ဗလကို လှမ်းမြင်လိုက်သောအခါ "ကောင်လေးရေ" ဟူ၍ ဆွဲဆွဲငင်ငင် ဖြစ်သော ဝိုသံပါကြီးဖြင့် လှမ်းခေါ်လိုက်သည်။ ထိုသူကား အခြားမဟုတ်၊ ရပ်ရေးရွာရေးမှာ နေရာတကာပါသော ဒေါ်အမာပင် ဖြစ်ပါသည်။

အခြေအနေ အလုံးစုံကို နားလည်ပြီးဖြစ်သော အောင်ဗလသည် လူအုပ်ရှိရာသို့ တဖြည်းဖြည်း အေးဆေးတည်ငြိမ်စွာဖြင့် တစ်လှမ်းချင်း လျှောက်လာခဲ့လေသည်။ သူ့တစ်သက်နှင့်တစ်ကိုယ် ပထမဦးဆုံးအကြိမ်အဖြစ် ရွာသူရွာသားများ၏ အရေးတယူ ဂရုတစိုက်ပြုခြင်းကို ခံစားလိုက်ရသည်။

ဝိုင်းအုံနေသော လူတစ်စုသည် ရှဲကနဲ ဘေးဖယ်၍ သူ့ကို လမ်းပေးကြသည်။ ကရုဏာသက်စွာ ကြည့်နေကြသော မျက်လုံးပေါင်းများစွာကြားမှ ဖြတ်လျှောက်လာသော အောင်ဗလသည် ထိုသူအားလုံးထက် ကရုဏာသက်စရာကောင်းသော မျက်လုံးပိုင်ရှင်ကို လူအများ၏ အလယ်လမ်းကြောင်းပေါ်တွင် ပိုးလိုးပက်လက် တွေ့လိုက်ရသည်။

"အဖေ"

တိုးညင်စွာ ခေါ်လိုက်ရင်းက အဖေ၏ အလောင်းဘေးတွင် ဒူးထောက်ထိုင်လိုက်လေသည်။

www.burmeseclassic.com

အဖေ့ပါးစပ်သည် ဟစိစိကလေး ပွင့်နေသည်။ မြန်မာတို့အယူ အစွဲအရ တစ်စုံတရာကို စိတ်မချစွာ သေဆုံးသွားရဟန်တူလေသည်။

အဖေမျက်လုံးတွေကတော့ ပိတ်နေသည်။ တစ်ယောက်ယောက်က အမြင်မတော်သဖြင့် လက်ဖဝါးနဲ့သပ်ပြီး ပိတ်ပေးလိုက်ဟန်တူသည်။ နို့မို့သာဆိုလျှင် တစ်စုံတရာ ပြောခဲ့ချင်ဟန်တူသော အဖေ့မျက်လုံးကို အောင်ဗလ တွေ့လိုက်ရပေဦးတော့မည်။

အဖေ့မျက်လုံးတွေက မျက်နှာတွင် သူမသေခင် ပြောသွားခဲ့သော စကားများ၏အဓိပ္ပါယ်ကို ယောင်ယမ်း ရှာဖွေနေလေသည်။

"ကောင်လေး၊ သတိထားနော်၊ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင် ထိန်း. . "

အသုဘများတွင် သေဆုံးသူနှင့် ပတ်သက်သောသူကို အားပေး စကားပြောတတ်သော ဒေါ်အမာ၏အသံကို စိတ်ညစ်ညူးစွာ ကြားလိုက်ရသည်။

တစ်စုံတစ်ယောက်က အောင်ဗလ၏လက်မောင်းကို လာကိုင်သည်။ လှည့်ကြည့်တော့ ကိုကြီးကိုသောင်း။

ကိုကြီးကိုသောင်းသည် ရပ်ရေးရွာရေးမှာ စိတ်ဝင်စားသူ တစ်ယောက်ပင် ဖြစ်သည်။ ကိုကြီးကိုသောင်းက အောင်ဗလလက်ကို ဆွဲရင်း လူအုပ်နှင့် ကင်းရာသို့ ခေါ်သွားသည်။ သို့ရာတွင် အောင်ဗလကပင် စ၍ မေးလိုက်သည်။

"အဖေ ဘာမှာသွားသေးလဲ အစ်ကိုကြီး"

"ထန်းပင်ကုန်းရွာက သူကြီးသားမက် ဖိုးစောနဲ့ သွားတွေ့ပြီ မြမေရဲ့အစ်ကို ကိုကြီးသာဒင်နဲ့ ဆက်သွယ်၊ တော်လှန်ရေးကို ဆက်လုပ်ပါတဲ့"

"ဒါပဲလား"

"အေး. . ဒါပေမယ့် ဒီအကြောင်းကို ဘယ်သူမှ မသိစေနဲ့၊ အန္တရာယ်များတယ်ကွ၊ မင်းသွားရင် ငါ့ပါပြော၊ ငါလဲလိုက်မယ်"

အောင်ဗလသည် အဖေ့အလောင်းအနီးသို့ ပြန်လာပြီး ဆွေမျိုးများ

www.burmeseclassic.com

 www.burmeseclassic.com 

ပေကျံနေသော အဖေ၏အကျီကို တယုတယ ချွတ်ယူလိုက်သည်။

ထိုအချိန်တွင် တစ်စုံတစ်ယောက်က သူ့ကို လာခေါ်ပြန်သည်။

"ဟော့ကောင် အောင်ဗလ သူကြီးခေါ်နေတယ်"

အောင်ဗလသည် ဘယ်သူ့အိမ်ကမှ လက်ခံမည် မဟုတ်သော အဖေ့အလောင်းကို ဘမံ-ဘဇံညီအစ်ကိုတို့ အကူအညီဖြင့် ဆရာတော် ကျောင်းသို့ ခေတ္တယူသွားခိုင်းလိုက်သည်။

သူ သူကြီးအိမ်သို့ ရောက်သောအခါ မျက်ရည်ကလေး ကလယ် ကလယ်ဖြင့် အိမ်အောက်မှ စောင့်နေသော သူကြီးသမီး လွင်စန်းယဉ်ကို တွေ့ရသည်။

လွင်စန်းယဉ်သည် ဣန္ဒြေမပျက် တစ်ချက်ပြုံးပြရင်း အိမ်ပေါ်သို့ တက်ခဲ့သည်။

သူကြီးရှေ့တွင် ကျုံ့ကျုံ့ကလေးထိုင်သောအခါ မျက်ထောက်နီဖြင့် ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်သော သူကြီးကို မြင်ပြင်းကပ်စွာ တွေ့လိုက်ရသည်။

"အေး. . အဲဒါပဲ၊ မင်းလဲ ဒီလမ်းလိုက်ရင် မင်းအဖေလို ဖြစ်မှာပဲ"

ဤသို့ စကားစပြီး ဩဝါဒပေါင်းများစွာ သူကြီး ပေးနေချိန်တွင် အောင်ဗလသည် ခေါင်းညိတ်ခေါင်းခါမပြုဘဲ ပေ၍ နားထောင်နေလိုက် သည်။

သူကြီး၏ခွင့်ပြုချက်ဖြင့် အိမ်ပေါ်မှ ပြန်ဆင်းလာသောအခါ လွင် စန်းယဉ်၏ မျက်ရိပ်မျက်ကဲဖြင့် ခဏဟူ၍ သဘောမျိုး ပြလိုက်သည်။

"ဘာတုန်း လွင်စန်းယဉ်"

"ငါ တကယ် စိတ်မကောင်းပါဘူး အောင်ဗလရယ်"

လွင်စန်းယဉ်၏ မျက်နှာသည် သူ့အတွက် တကယ်ပင် ဝမ်းနည်း ပက်လက် ဖြစ်နေမှန်း သေချာသည်။

"လွင်စန်းယဉ်"

"ဟင်. ."

www.burmeseclassic.com

"နင် ငါ့ကို တကယ်ခင်ရင် အကူအညီတစ်ခု ပေးမလား"

"ပြောလေဟာ"

လွင်စန်းယဉ်သည် ပတ်ဝန်းကျင်ကို ထိတ်လန့်တကြား အကဲခတ်လိုက်သည်။

"ငါ့အဖေကို သတ်တာ ဘယ်သူလဲ"

"ငါတော့ မသိဘူး၊ ဒါပေမယ့် ငါ့အဖေက ပြောတယ်၊ ညောင်ပျိုရွာက ဂျပန်စကားပြန် ဦးဘဒင်က တစ်ချက်တည်းနဲ့ သေအောင် ပစ်လိုက်တာတဲ့"

လွင်စန်းယဉ် ပြောရင်း ငိုလိုက်သည်။ အောင်ဗလသည် သူကြီး၏ ပရဝုဏ်အတွင်းမှ ဆရာတော်၏ ပရဝုဏ်ဘက်ဆီသို့ ခပ်သွက်သွက် လျှောက်သွားလေတော့သည်။

အောင်ဗလ၏ ဖခင်ကို တောဓလေ့ထုံးစံအတိုင်း ရွာအနောက်ဘက်က သင်္ချိုင်းကုန်းမှာ သင်္ဂြိုဟ်လိုက်ကြသည်။ မသာပို့သူဟူ၍ ကိုကြီးကိုသောင်း၊ ဘမံ-ဘဇံညီအစ်ကို၊ မြမေ၊ ကပွိုယကြီးနှင့် အောင်ဗလ သူငယ်ချင်း သုံးလေးယောက်သာ ပါလေသည်။

သည်အသုဘကို လူအတော်များများကို ကြောက်ရွံ့နေကြလေသည်။ ဂျပန်တို့ မလိုလားသော လူတစ်ယောက် သေဆုံးသွားခြင်းအတွက် ရွာသူရွာသားများခမျာမှာ ဝမ်းနည်းပူဆွေးရမည်ကိုပင် စိုးရွံ့နေကြသည်။

အလွန်ထူးခြားသော အချက်တစ်ချက်မှာမူ ဂျပန်တော်လှန်ရေးသမားဖြစ်သော အောင်ဗလ၏ဖခင် အသုဘကို ဂျပန်အလိုတော်ရိ ဖြစ်သော သူကြီး၏သမီး လွင်စန်းယဉ် လိုက်ပါပို့ဆောင်ခြင်း ဖြစ်လေသည်။

ထိုအသုဘ၏ သရဏဂုံတင်ပွဲကို ဆရာတော်က လေးလေးနက်နက် ဆောင်ရွက်ပေးသည်။

× × × × ×

သည်နေ့ညတစ်ညလုံး အောင်ဗလတစ်ယောက် ကျောင်းသို့ ပြန်မအိပ်ကြောင်း ဆရာတော် ကောင်းစွာသိပါသည်။ ကျောင်းမှာ ဆရာ

www.burmeseclassic.com

www.burmeseclassic.com


တော်၊ ကပ္ပိယကြီးနှင့် အောင်ဗလ သုံးယောက်သာ ရှိသည်ဖြစ်ရာ လူတစ်ယောက်ပျောက်ဆုံးနေခြင်းကို အလွယ်တကူ သိနိုင်ပါသည်။

ပြီးတော့ တစ်နေ့တုန်းက ဂျပန်များ၏ ရက်စက်မှု၊ မနေ့တုန်းက အောင်ဗလအဖေ၏အသုဘ စသည် အဖြစ်အပျက်များကြောင့် သည်နေ့တစ်နေ့လုံး အောင်ဗလ ပျောက်ကွယ်နေခြင်းသည် ထူးခြားသောကိစ္စမဟုတ်ပါတော့ချေ။

ဖခင်နှင့် ပတ်သက်၍ တစ်စုံတရာ ထိခိုက်ခံစားရသဖြင့် အောင်ဗလတစ်ယောက် စိတ်လိုလက်ရ ပျောက်သွားနေမည်ကိုလည်း ဆရာတော်က နားလည်ထားပါသည်။

သို့ရာတွင် တစ်ညလုံး ပြန်ရောက်မလာဟု သိရသောအခါ စိတ်ပူလာ၏။

ထို့ကြောင့်ပင်လျှင် နံနက်စောစော နေရောင်ပြူလာသည်နှင့် ကပ္ပိယကြီးအား အောင်ဗလအကြောင်း စုံစမ်းရန် ရွာထဲသို့ လွှတ်လိုက်သည်။

ကပ္ပိယကြီးသည် ကပ္ပိယကြီး ဖြစ်သည့်အားလျော်စွာ လူမှုရေးကိစ္စများကို ဝါသနာထုံလေသည်။ အောင်ဗလနှင့် မြမေတို့၏ ရိုးတိုးရိပ်တိတ် အခြေအနေကို သူသဘောပေါက်ထားလေသည်။ ထို့ကြောင့် ရွာထဲသို့ရောက်လျှင်ရောက်ချင်း မြမေတို့အိမ်သို့ တန်းဝင်လေသည်။

မြမေသည် ခြင်းတောင်းတစ်လုံး ရက်နေသည်။

"ဟဲ့. . မြမေ အောင်ဗလနဲ့ တွေ့သေးလား"

မြမေ၏မျက်နှာ ရဲကနဲ ဖြစ်သွားသည်။ 'အို' ဟူ၍ မရဲတရဲ အသံထွက်သွားသည်။

ကပ္ပိယကြီးသည် အချိန်အခါနှင့် အခြေအနေကို မသုံးသပ်တတ်ချေ။ ကပ္ပိယတို့ သဘာဝအတိုင်း လူမှုရေးကို စိတ်ဝင်စားသလောက် လူမှုရေးကို နားမလည်ချေ။

ကြည့်တော့. .

www.burmeseclassic.com

www.burmeseclassic.com


သူကြီးအိမ်သို့ အောင်ဗလတစ်ယောက် ရဲရဲဝံ့ဝံ့ သွားခဲ့သည့်အကြောင်း အိမ်ပေါ်မှ ပြန်အဆင်းတွင် သူကြီးသမီး လွင်စန်းယဉ်နှင့် တီးတိုးစကားပြောကြားခဲ့ကြကြောင်း စသည်များကို မြမေသိထားခဲ့သည်။

သို့ကြောင့်ပင်လျှင် မြမေသည် လွင်စန်းယဉ်နှင့် တွေ့လျှင် ဘာပဲဖြစ်ဖြစ် အောင်ဗလသတင်း တစွန်းတစတော့ ရမည်ဟု ယုံကြည်သည်။ သူကြီးအိမ်ရှေ့ရောက်ခါမှ သတိရသည်။ မတော်တဆ အိမ်ပေါ်မှာ သူကြီးနှင့် ပက်ပင်းတိုးနေလျှင် ဘယ်လိုလုပ်ရမည်နည်း။

သူငယ်ချင်းနှင့် တွေ့ရန်လာသည်ပဲထားဦး၊ အခုလို ပြဿနာတွေ ရှုပ်ထွေးနေသော အချိန်မှာ မြမေ သူကြီးအိမ်ပေါ်သို့ တစ်ယောက်တည်း တက်လာလျှင် မသင့်ကြောင်း သဘောပေါက်လိုက်သည်။

သူကြီး အိမ်ခြံဝင်းအဝမှနေ၍ ချာကနဲ ပြန်လှည့်လာခဲ့သည်။ ဘမံ-ဘဇံတို့ညီအစ်ကိုတို့လည်း နည်းနည်းတော့ သိလိမ့်မည်ထင်သဖြင့် သူတို့အိမ်ဘက်သို့ ခြေဦးလှည့်လိုက်သည်။ သူတို့အိမ် ရောက်တော့ သူတို့ညီအစ်ကိုနှစ်ယောက် 'ကွင်းစပ်မှာ ချိုးသွားထောင်နေတယ်' ဟု သူတို့ဖခင်က ထွက်၍ပြောသည်။

ကွင်းစပ်ဆီထိအောင်တော့လည်း မြမေ မလိုက်ချင်။

နောက်ဆုံး ကိုကြီးကိုသောင်းတော့ဖြင့် သိတန်ကောင်းရဲ့ဟု ကိုကြီးကိုသောင်း၏ ကြက်ခြံဘက်သို့ ခပ်သွက်သွက် လျှောက်လာသည်။

ကြက်စာများ နယ်ဖတ်နေသော ကိုကြီးကိုသောင်းကို တွေ့ရလေသည်။

"ဟဲ့. . မြမေ ဘာလာလုပ်တာလဲ"

ကိုကြီးကိုသောင်းသည် လူပျိုကြီးလည်း ဖြစ်၏။ ပြီးတော့ကျတော့ ရွာသူ မိန်းမငယ်ကလေးများ အားလုံးကိုလည်း ညီမအရင်းအချာကဲ့သို့ ချစ်ခင်သူ ဖြစ်၏။ ဆူတန်ဆူ ဆဲတတ်ဆဲ၏။

အခုလည်း မြမေတစ်ယောက်တည်း သူ့ကြက်ခြံသို့ ရောက်လာခဲ့သည်ကို မကျေနပ်၊ မျက်ထောင့်နီကြီးဖြင့် ဆီး၍ ကြိမ်းမောင်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com


သူကြီးအိမ်သို့ အောင်ဗလတစ်ယောက် ရဲရဲဝံ့ဝံ့ သွားခဲ့သည့်အကြောင်း အိမ်ပေါ်မှ ပြန်အဆင်းတွင် သူကြီးသမီး လွင်စန်းယဉ်နှင့် တီးတိုးစကား ပြောကြားခဲ့ကြကြောင်း စသည်များကို မြမေသိထားခဲ့သည်။

သို့ကြောင့်ပင်လျှင် မြမေသည် လွင်စန်းယဉ်နှင့် တွေ့လျှင် ဘာပဲ ဖြစ်ဖြစ် အောင်ဗလသတင်း တစွန်းတစတော့ ရမည်ဟု ယုံကြည်သည်။ သူကြီးအိမ်ရှေ့ရောက်ခါမှ သတိရသည်။ မတော်တဆ အိမ်ပေါ်မှာ သူကြီးနှင့် ပက်ပင်းတိုးနေလျှင် ဘယ်လိုလုပ်ရမည်နည်း။

သူငယ်ချင်းနှင့် တွေ့ရန်လာသည်ပဲထားဦး၊ အခုလို ပြဿနာတွေ ရှုပ်ထွေးနေသော အချိန်မှာ မြမေ သူကြီးအိမ်ပေါ် သို့ တစ်ယောက်တည်း တက်လာလျှင် မသင့်ကြောင်း သဘောပေါက်လိုက်သည်။

သူကြီး အိမ်ခြံဝင်းအဝမှနေ၍ ချာကနဲ ပြန်လှည့်လာခဲ့သည်။ ဘမံ-ဘဇံတို့ညီအစ်ကိုတို့လည်း နည်းနည်းတော့ သိလိမ့်မည်ထင်သဖြင့် သူတို့အိမ်ဘက်သို့ ခြေဦးလှည့်လိုက်သည်။ သူတို့အိမ် ရောက်တော့ သူတို့ညီအစ်ကိုနှစ်ယောက် 'ကွင်းစပ်မှာ ချိုးသွားထောင်နေတယ်' ဟု သူတို့ဖခင်က ထွက်၍ပြောသည်။

ကွင်းစပ်ဆီထိအောင်တော့လည်း မြမေ မလိုက်ချင်။

နောက်ဆုံး ကိုကြီးကိုသောင်းတော့ဖြင့် သိတန်ကောင်းရဲ့ဟု ကိုကြီး ကိုသောင်း၏ ကြက်ခြံဘက်သို့ ခပ်သွက်သွက် လျှောက်လာသည်။

ကြက်စာများ နယ်ဖတ်နေသော ကိုကြီးကိုသောင်းကို တွေ့ရလေ သည်။

"ဟဲ့. . မြမေ ဘာလာလုပ်တာလဲ"

ကိုကြီးကိုသောင်းသည် လူပျိုကြီးလည်း ဖြစ်၏။ ပြီးတော့ကျတော့ ရွာသူ မိန်းမငယ်ကလေးများ အားလုံးကိုလည်း ညီမအရင်းအချာကဲ့သို့ ချစ်ခင်သူ ဖြစ်၏။ ဆူတန်ဆူ ဆဲတတ်ဆဲ၏။

အခုလည်း မြမေတစ်ယောက်တည်း သူ့ကြက်ခြံသို့ ရောက်လာခဲ့ သည်ကို မကျေနပ်၊ မျက်ထောင့်နီကြီးဖြင့် ဆီး၍ ကြိမ်းမောင်းလေ၏။

www.burmeseclassic.com

မြမေသည် ကိုကြီးကိုသောင်းကို ရွာသူကြီးထက် ပို၍ ရိုသေ လေးစားလေသည်။

ဘယ်ကဘယ်လို ထွက်လာမှန်းမသိသော မျက်ရည်အဝဲသားနှင့် ကိုကြီးကိုသောင်းအနီးတွင် ပုံ့ပုံ့ကလေး ဝင်ထိုင်လိုက်သည်။

"ကဲ. . ပြောစမ်း၊ နင် ဘာဖြစ်လာတာလဲ"

"အောင်ဗလ ရွာက ပျောက်သွားပြီတဲ့ အစ်ကိုကြီး"

"ဟင်. . "

"နင် ဘယ်က ကြားလာလဲ"

"မနက်က ရွာထဲမှာ ကပွိယကြီးလိုက်ရှာနေတာတွေ့လို့"

"သူက ဘာပြောသလဲ"

"ညက ဆရာတော်ကျောင်းမှာ ပြန်မအိပ်ဘူးတဲ့"

"ခက်တာပဲ ဒီကောင်နှယ်. . "

အစ်ကိုကြီးကိုသောင်းသည် နယ်လက်စ ကြက်စာတောင်းကို ဘေးသို့ တွန်းဖယ်လိုက်ပြီး ပေကျံနေသော သူ့လက်နှစ်ဘက်ကို ပုဆိုးစဖြင့် ပွတ်သပ်ပစ်လိုက်လေသည်။

မြမေက မရဲတရဲ မေးလိုက်သည်။

"အဲဒါ. . ကိုကြီး ဘာများ သိသလဲဟင်"

"ငါလဲ ဘယ်သိပါ့မလဲဟ"

တကယ်တော့မူ ကိုကြီးကိုသောင်း၏ စိတ်သည် တစ်စုံတရာအတွက် ထိတ်ကနဲ ဖြစ်ရလေပြီ။

အောင်ဗလအဖေ အသတ်ခံရသောနေ့က မသေခင် သူ့ကို မှာကြားသွားသော စကား. .

ထိုစကားကို သူကတဆင့် အောင်ဗလကို ပြန်ပြောခဲ့သည် မဟုတ်ပါလား။

"ထန်းပင်ကုန်းရွာက သူကြီးသားမက် ဖိုးစောနဲ့ သူ့တွေ့ပြီး မြမေရဲ့အစ်ကိုကြီး ကိုကြီးသာဒင်နဲ့ ဆက်သွယ်၊ တော်လှန်ရေးကို ဆက်လုပ်

www.burmeseclassic.com

www.burmeseclassic.com


ပါ" တဲ့။

အခု အောင်ဗလတစ်ယောက် ထန်းပင်ကုန်းရွာသို့ ထွက်များ သွားပြီလားဟု ကိုကြီးကိုသောင်း စိတ်ပူမိသည်။

သို့သော် မသေချာနိုင်သေးပါ။

အဘယ်ကြောင့်ဆိုသော် အကယ်၍ သူ့ဖခင် မှာခဲ့သည့်အတိုင်း တော်လှန်ရေး ဆက်လုပ်ရန် သွားမည်ဆိုပါက "မင်းသွားရင် ငါ့ပါပြော၊ ငါလဲလိုက်မယ်" ဟု ကိုကြီးကိုသောင်းက အောင်ဗလကို သေသေချာချာ မှာထားသည် မဟုတ်ပါလား။

သည်တော့ သည်ကောင် အောင်ဗလ သူ့ကို မတိုင်ပင်ပဲ ဘယ်လို နည်းနဲ့မှ ထန်းပင်ကုန်းရွာကို သွားရဲမည်မဟုတ်။

သွားမည်ဆိုလျှင်လည်း အခုလောက် မြန်မြန်ဆန်ဆန်ကြီး ထွက် သွား၍မဖြစ်။ သိုသိုသိပ်သိပ် ပိပိရိရိနှင့် ရွာမှ အပြီးအပိုင် ထွက်ခွာရမည် ဖြစ်သည်။

ဒါဆိုရင် ဒီကောင် ဘယ်ပျောက်သွားသနည်း။ ကိုကြီးကိုသောင်း စိတ်ပူရလေပြီ။

ဒီကိစ္စများနှင့် ပတ်သက်၍ မြမေကို ဖွင့်ပြောလိုက်ရလျှင် ကောင်း မည်လားဟု သူ မစဉ်းစားချေ။

ဒီကိစ္စသည် အလွန်အန္တရာယ်ကြီးသည် မဟုတ်ပါလား။

ပြီးတော့ မြမေ အခုလို လာမေးခြင်းသည်လည်း လူငယ်တို့ဘာဝ ချစ်သူပျောက် ရှာပုံတော်ဖွင့်ခြင်း ဟူ၍သာ ပေါ့ပေါ့တန်တန် နားလည် ထားသည်။

အောင်ဗလနှင့် မြမေ တကယ်တမ်း ချစ်သူများအဆင့်သို့ မရောက်ကြသေးသည့်တိုင်အောင် ရွာမှ လူပျိုခေါင်း အပျိုခေါင်းများကမူ ရိုးတိုးရိပ်တိတ် သဘောပေါက်ထားကြလေသည်။

ထို့ကြောင့်ပင်လျှင် မြမေ၏ မေးခွန်းကို ပေါ့ပေါ့တန်တန်ပင် ခါ ထုတ်လိုက်ပြီး သူကိုယ်တိုင် ရင်တွင်းကမူ အလွန်လေးနက်သော ပူပန်

www.burmeseclassic.com

သောက ဖြစ်ရလေသည်။ 'ဒီကောင် တစောက်ကန်းတာတွေများ ကမူး ရှူးထိုး လုပ်ဦးမလဲ'

"ကဲ. . မြမေ နင်ပြန်တော့ အစ်ကိုကြီး စုံစမ်းပေးမယ်၊ သတင်းရ ရင် နင့်ကို ပြောမယ်၊ ကဲ. . သွား"

× × × × ×

ကိုကြီးကိုသောင်းကြက်ခြံမှ မြမေအပြန် ရွာလယ်ခေါင်ကွက်လပ် လက်ပံပင်ကြီးအောက်တွင် မမျှော်လင့်ပဲ သူကြီးသမီး လွင်စန်းယဉ်နှင့် ပက်ပင်းဆုံလေသည်။

"ဟင်. . မြမေ"

"နင်ဘယ်သွားမလို့လဲ လွင်စန်းယဉ်"

"အေး. . ငါလဲ နင့်ကိုရှာနေတာ"

"ဘာအတွက်လဲ"

"အောင်ဗလအကြောင်း နင် ကြားပြီးပြီလား"

"အေး. . ငါလဲ အဲဒါ နင့်ကိုမေးမလို့၊ နင်ကော ဘာသိလဲ လွင် စန်းယဉ်"

"အေး၊ ငါလဲ ဒီလောက်ပဲသိတယ်၊ ဒါပေမယ့်. . "

လွင်စန်းယဉ်သည် ပြောရကောင်းနိုး၊ မကောင်းနိုး ချင့်ချိန်လိုက် သည်။ ထိုအချက်ကို မြမေကလည်း သိလိုက်သည်။

"ပြောသာပြောပါ လွင်စန်းယဉ်ရယ်၊ ငါတို့ဟာ သူငယ်ချင်းတွေပဲ၊ ဒီအချိန်မှာ အရေးကြီးပြီ မဟုတ်လား"

"ဟုတ်တယ်၊ အရေးကြီးလို့လဲ ငါ စဉ်းစားနေတာပေါ့"

အောင်ဗလနှင့် ပတ်သက်၍ မသိစိတ်ကလေးများက အပြိုင် အဆိုင် ချစ်ငွေ့ချစ်ရိပ်များ ရှိနေကြသဖြင့် ကောင်းကောင်း မျက်နှာချင်းကြော မတည့်ခဲ့သော မိန်းမပျိုနှစ်ဦးသည် ခုတော့လည်း သူငယ်ချင်းတွေလိုပါ ပဲလား။

www.burmeseclassic.com

www.burmeseclassic.com

လွင်စန်းယဉ်နှင့် နှစ်ကိုယ်ကြား တိုးတိုးတိတ်တိတ် ပြောပြလိုက်သည်။

“တစ်ခုတော့ ရှိတယ်၊ သူ့အဖေကိုသတ်တာ ဘယ်သူလဲလို့ ငါ့ကို မေးတော့ ဟိုး ညောင်ပျို့ရွာက ဂျပန်စကားပြန် ဦးဘဒင်လို့ ငါ ပြောလိုက်မိတယ်၊ သူ့ . . အဲဒီကိုများ လိုက်သွားသလား မသိဘူး၊ ငါစိတ်ပူလိုက်တာ မြမေရယ်၊ ပြောလိုက်မိတာ မှားပြီလား မသိဘူး”

တစ်ယောက်တည်းသော ကောင်လေးအတွက် ကောင်မလေး နှစ်ယောက် မျက်ရည်ကျကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# (၄)

ညောင်ပျို့ရွာသည် အောင်ဗလတို့ရွာနှင့် ခရီးနီးလှသည် မဟုတ်ချေ။ တခြား ဒီစတြိတ်မြို့ကြီးအပိုင် နယ်မြေထဲမှာ ဖြစ်သည်။

သို့ရာတွင် အောင်ဗလတို့ ဒီစတြိတ်နှင့် နယ်ခြားလို နေရာမျိုးမှာ ဖြစ်သောကြောင့် အလွန်ဝေးလှသည်လည်း မဆိုသာချေ။

ခြေလျင်သွားလျှင် နားနားနေနေ လေးရက်လောက် ကြာသည်။ နွားလှည်းဖြင့် သွားလျှင် နှစ်ရက်စာလောက် ခရီးဝေးသည်။

အောင်ဗလသည် ရွာမှ ထွက်လာခါစကမူ ခြေလျင်ဖြစ်၏။ ခရီးအတန်ပေါက်သောအခါ တခြားရွာက နွားလှည်းခရီး ကြုံသဖြင့် လိုက်ခဲ့ရပြန်သည်။

ပို့ပြီး ကံကောင်းချင်တော့ တခြားသော နောက်ထပ် ရွာတစ်ရွာအရောက်တွင် သူငယ်ချင်းတစ်ယောက်နှင့် တွေ့လေသည်။

ထိုသူငယ်ချင်းတို့ မိသားစုသည် တောမြင်းရိုင်းများကို ဖမ်းဆီးပြီး ယဉ်ပါးအောင် ပြုပြင်ထိန်းသိမ်း၍ မြို့ကြီးများဆီသို့ လှည်းဆွဲမြင်းများအဖြစ် ပြန်လည်ရောင်းချကြသည်။

ထိုသူငယ်ချင်း၏ အကူအညီဖြင့် ယဉ်ကျေးခါစ ဖြစ်သော မြင်းပုလေးတစ်ကောင်ကို ငှားရမ်းရရှိခဲ့သည်။ အောင်ဗလတို့ ဒေသသည်

www.burmeseclassic.com

 www.burmeseclassic.com 

မြင်းပေါများသော ဒေသဖြစ်သဖြင့် ထိုဒေသသားတို့သည် မြင်းနှင့် ပတ်သက်၍ ကျွမ်းကြသည်။ အောင်ဗလလည်း မြင်းကောင်းစွာ စီးတတ်သည်။

ထိုမြင်းပုကလေးဖြင့် ညောင်ပျို့ရွာသို့ အောင်ဗလ လျင်လျင်မြန်မြန် ခရီးဆက်နိုင်ခဲ့လေသည်။

× × × × ×

"ဒီရွာက ဂျပန်စကားပြန် အလုပ်လုပ်တဲ့ ဦးဘဒင် နေတာ ဘယ်အိမ်ပါလဲ ခင်ဗျာ"

မြန်မာကျေးရွာများ ဓလေ့ထုံးစံအတိုင်း လူစိမ်းတစ်ယောက် ဝင်လာလျှင် ချက်ချင်းသိနိုင်တတ်ကြသည့်အတွက် မြင်းပုကလေးဖြင့် ယောင်ချာချာရောက်ရှိလာသော အောင်ဗလကို ညောင်ပျို့ရွာသားများက ဝိုင်းဝန်းအကဲခတ်နေကြသည်။

ဖခင်၏ စိတ်ဖြင့် သွေးဆူလာခဲ့သော အောင်ဗလသည် (ညောင်ပျို့ရွာသားတစ်ဦးအား) အကြောက်အလန့် ကင်းမဲ့စွာ အထက်ပါအတိုင်း မေးလိုက်ခြင်း ဖြစ်သည်။

"ဘာကိစ္စရှိလို့လဲကွယ်"

"သူ့ကို ကျွန်တော်က ကြွေးဆပ်စရာ ရှိလို့ပါ"

အောင်ဗလက ထေ့ငေါ့စွာ ပြောလိုက်သော်လည်း ရွာသား လူငယ်နှစ်ယောက်သုံးယောက်က 'ဟက်' ကနဲ ရယ်လိုက်ကြသည်။

အပြောအဆိုရဲဟန်တူသော ရွာသားတစ်ယောက်က. .

"ကျားသားမိုးကြိုးကွာ. . တစ်ပြားကို နှစ်ပြားမှတ်ပြီး ခွာနေတဲ့ ဦးဘဒင်လို လူမျိုးကများ တစ်ရွာသားကို ငွေချေးရတယ်လို့. . "

"ဟား. . ဟား. . . "

ထန်းရည်မူးလာဟန်တူသော. . သို့သော် အမြော်အမြင် ရှိဟန်ရှိသော ရွာသားကြီးတစ်ဦးကမူ အောင်ဗလကို နားမလည်စွာ ကြည့်လိုက်ပြီး. .

www.burmeseclassic.com

www.burmeseclassic.com


"တကယ်ပဲ အကြွေးဆပ်စရာရှိသလား"

"တကယ်ပါဗျာ"

"အေး. . မောင်ရင့်စကားကြားရတာ ဟိုးတလောဆီက ဂျပန်တွေတို့ မြန်မာနိုင်ငံကြီးကို လွတ်လပ်ရေးအတုကြီး ပေးသလိုပဲ မယုံနိုင်စရာကွာ"

အခြားရွာသားတစ်ဦးက. .

"ဒါပေါ့ဗျ၊ ဦးဘဒင်က ဂျပန်နဲ့ပေါင်းနေတာပဲ၊ ဂျပန်လိုပဲ ကျင့်ကြံမှာပေါ့"

အဘိုးအိုတစ်ဦးက. .

"ကွယ်. . စကားလဲ ကြည့်ပြောကြပါဦး၊ ဘဒင် ကြားသွားလို့ ဂျပန်လက် အအပ်ခံနေရပါဦးမယ်"

အောင်ဗလ စိတ်မရှည်နိုင်တော့ချေ။

"ကဲ. . ကဲ. . ဦးဘဒင်အိမ်ကိုသာ ကျွန်တော့်ကို ပြပါဗျာ"

"ဒီရွာလမ်းအတိုင်း တည့်တည့်သာသွား၊ ရွာဟိုဘက်ထိပ်ရောက်ရင် စမ်းချောင်းကလေးတစ်ခု တွေ့လိမ့်မယ်၊ စမ်းချောင်းကလေးကို ရဲရဲသာဖြတ်သွား၊ ရေက ဒူးလောက်ပဲရှိပါတယ်၊ အဲဒီ စမ်းချောင်းလွန်တာနဲ့ ကုန်းမြင့်ကြီးပေါ်မှာရှိတဲ့ အိမ်ဟာ သူ့အိမ်ပဲ၊ စမ်းချောင်းဟိုဘက်မှာ အိမ်ဆိုလို့ သူတစ်လုံးပဲ ရှိတာ"

"ကျေးဇူးပါပဲ အဘရယ်"

မြင်းဇက်ကြိုးကို ဆတ်ကနဲ ဆွဲလိုက်သည်။ မြင်းခြေလှမ်း ဆယ်လှမ်းမျှ ရောက်သောအခါ စောစောက လူအုပ်ဆီမှ အသံတစ်သံကို ကြားလိုက်ရသည်။

"ခုအချိန်ဆို အိမ်မှာရှိချင်မှ ရှိမယ်ဟေ့၊ ဒီကောင်ကြီး အမုန်းတော ရောက်နေရောပေါ့"

စောစောက ထန်းရည်သမား၏ အသံပင်ဖြစ်လိမ့်မည်။

× × × × ×

www.burmeseclassic.com

 www.burmeseclassic.com 

သူတို့ ညွှန်လိုက်သည့်အတိုင်းပင် ချောင်းတစ်ဘက်ကမ်း ကုန်းမြင့်လေးပေါ်၌ မနီမိုး ပျဉ်ထောင်ကာ သပ်ရပ်သော အိမ်ကလေးတစ်လုံးဆီသို့ အောင်ဗလ ရောက်လာခဲ့သည်။

ခြံဝင်းအတွင်းသို့ ဝင်လာသောအခါ အိမ်ကလေးသည် တံခါးအလုံပိတ် တိတ်ဆိတ်နေသည်ကို တွေ့ရလေ၏။ အိမ်နောက်ဘေးဘက်ဆီမှ ထင်းခွဲသံလိုလို ကြားရသဖြင့် ရောက်သွားမိသည်။

ခြံစည်းရိုးတိုင်များ စိုက်ထူနေသော လူနှစ်ယောက် သုံးယောက်ကို တွေ့သည်။

အောင်ဗလ မြင်းပေါ်က မဆင်းဘဲ မေး၏။

"ဦးဘခင်ဆိုတာ ဘယ်သူပါလဲခင်ဗျာ"

"ဘာကိစ္စရှိလို့လဲကွ"

"ကြွေးမြီကိစ္စလေးပါ"

"ဘာတုန်း. . မင်းက ကြွေးတောင်းရအောင် လာတာလား"

"ကျွန်တော်က ဆပ်ရမှာ"

ဝါးလုံးကွဲမျှ ဝိုင်း၍ ရယ်လိုက်ကြသည်။ BURMESE CLASSIC

"ကျွန်တော် တကယ်ပြောနေတာပါဗျာ"

"အေး. . ဒါဆိုရင် ထန်းတောကို လိုက်သွား"

"ထန်းတောက ဘယ်မှာလဲဗျ"

"ဟိုး. . တည့်တည့်မှာ မြင်နေရတဲ့ ထန်းပင်အုပ်ဟာ ထန်းတောပဲ"

လှည့်ထွက်လာခဲ့လေသည်။

နောက်နားဆီမှ အသံတစ်သံ ကြားလိုက်ရပြန်သည်။

"ကြွေးလာဆပ်တာတဲ့ ကြောင်တောင်တောင်နဲ့ပါကွာ"

× × × × ×

အဆွေးသမားများအဖို့ လွမ်းမောဖွယ်ကောင်းသော. . .

အချစ်သမားများအဖို့ မွေ့လျော်ဖွယ်ကောင်းသော. . .

www.burmeseclassic.com

www.burmeseclassic.com


အဲ. . ထန်းရည်သမားများအဖို့ ပျော်ရွှင်ကြည်နူး ကခုန်ဖွယ်ကောင်းသော. . .

သဘာဝအလျောက်ဖြစ်ပေါ်နေသော ထန်းတောကြီးသည် အောင်ဗလအဖို့ရာမူ ကာတွန်းဇာတ်လမ်းများထဲက ချောက်ချားဖွယ်ရာ အိမ်ကြီးဆီသို့ ရောက်လာရသော သူရဲကောင်းကလေး တစ်ယောက်ကဲ့သို့ ဖြစ်နေလေသည်။

မြင်းမ ပုပုကလေးကို ထန်းပင်များအကြား ကွေ့ကာပတ်ကာ မောင်းနှင်ရင်း လူစုစု၊ စုစုရှိနေသော ထန်းလက်တာ ထန်းလက်မိုး တဲကလေး နှစ်လုံး သုံးလုံး ရှိနေသော မြက်ခင်းလွင်ပြင် ညီညာသော တစ်နေရာသို့ အောင်ဗလ ရောက်ရှိလာခဲ့သည်။

BURMESE CLASSIC

နီးရာထန်းပင်တစ်ပင်ရင်း၌ သူ့မြင်းကလေးကို ချည်ထားခဲ့သည်။

ပထမဆုံး ထန်းတဲအနီးသို့ ချဉ်းကပ်သွားသည်။ အထဲဆီမှ မူးယစ်အော်ဟစ် ဆူညံနေသံများကို ကြားလိုက်ရသဖြင့် နည်းနည်းတော့ စိတ်ပျက်နေသည်။ သို့ရာတွင် ကိုယ့်ကိစ္စနှင့် ကိုယ်မို့ အရဲကိုးကာ ထန်းတဲအတွင်းသို့ ဝင်လိုက်သည်။

ဆူဆူညံညံအသံများ၊ မူးယစ်ဝေသီနေသော မျက်နှာများကြောင့် ဘယ်သူကို ဘယ်လို စရမည်မှန်း မသိဖြစ်နေလေသည်။

"ဟော့. . ချာတိတ် ချမလို့လားကွ၊ ဟိုမှာ အုန်းမှုတ်ခွက်နဲ့ ထန်းဗူးသွားယူ"

ဆိုင်ရှင်နှင့်တူသော လူကြီးက ပြောလိုက်သည်။

"ကျွန်တော် ထန်းရေသောက်ဖို့ လာတာမဟုတ်ပါဘူး"

"ထန်းရေမသောက်ဘဲနဲ့ ထန်းတော ဘာကြောင့်လာတာလဲကွ"

"ဦးဘဒင်ဆိုတဲ့လူနဲ့ တွေ့ချင်လို့ပါ"

ဆိုင်ရှင်နှင့် တူဟန်ရှိသော လူကြီးနှင့် အောင်ဗလတို့၏ ကျယ်လောင်သော စကားသံများကြောင့် တစ်ဆိုင်လုံး ရုတ်တရက် ငြိမ်သက်သွားပြီး အောင်ဗလကို ဝိုင်းဝန်း အာရုံစိုက်လိုက်ကြသည်။

www.burmeseclassic.com

 www.burmeseclassic.com 

ကံကောင်းထောက်မချင်၍လားတော့မသိ ထန်းရည်အမူးလွန်ပြီး ယိုင်ထိုးနေသော အသက်လေးဆယ်ကျော်ခန့်အရွယ် ရင်အုပ်ကျယ်ကျယ် အရပ်မြင့်မြင့် မေးရိုးကားကား အသားညိုညစ်ညစ်နှင့် လူကြီးတစ်ယောက်သည် အောင်ဗလ၏နံဘေး ဝါးကြမ်းပြင်ပေါ်တွင် ထန်းရည်ငုံ့သောက်နေရာမှ ဆတ်ကနဲ ခေါင်းထောင်လာပြီး အောင်ဗလကို စူးစူးရဲရဲ ကြည့်လိုက်သည်။

BURMESE CLASSIC

ထိုလူကြီးက. .

"ဟေ့ သူငယ်. . ဘာကိစ္စရှိလို့လဲကွ"

မူးသံသြသြကြီးဖြင့် မေးလိုက်သည်။

သည်ရွာရောက်တော့မှ ဘာကိစ္စရှိလို့လည်းချည်း ခဏခဏ အမေးခံနေရသည့်အတွက် အောင်ဗလ စိတ်တိုလာသည်။

"ကျွန်တော့်ကိစ္စနဲ့ ကျွန်တော်ဗျာ၊ ဦးဘဒင် ဘယ်မှာရှိသလဲသာ ပြောပါ၊ ဒါပဲ"

လှောင်ပြောင်သရော်အပ်သော ခိုးခိုးခစ်ခစ် ရယ်ချင်းမျိုးဖြင့် ထိုလူကြီးသည် မထေ့တထေ့ လုပ်လိုက်သည်။

"မဟုတ်သေးဘူးလေကွာ"

"မဟုတ်ရင်လဲ မပြောနဲ့ဗျာ"

ဆိုင်အတွင်းမှာ ချာကနဲ လှည့်ထွက်လိုက်သည်။

သို့ရာတွင် သူ၏လက်တစ်ဘက်ကို တစ်စုံတစ်ယောက်က ဆွဲဖမ်းလိုက်သဖြင့် တုံ့ကနဲရပ်ကာ ဆိုင်အတွင်းဘက်သို့ ပြန်၍ မျက်နှာမူလိုက်ရသည်။

ဟင်. . စောစောက လူကြီးပါလား။

အောင်ဗလ စိုက်ကြည့်ပြီး မျက်နှာချင်းဆိုင်လိုက်သည်။

"မဟုတ်ပါဘူးကွ၊ အေး အေး ဟုတ်ပါတယ်ကွ၊ ငါ ဘဒင်ပဲ"

"ဟင်. . ခင်ဗျား ဦးဘဒင်"

"အေးပါကွ၊ ဘာကိစ္စရှိလို့လဲ၊ မင်း ဒီရွာက မဟုတ်ဘူးနဲ့ တူပါ

www.burmeseclassic.com

www.burmeseclassic.com


တယ်"

"ကျွန်တော် ဟိုဘက် ဒိစတြိတ်က သာယာကုန်းရွာကပါ"

"အဝေးကြီးပဲကွာ၊ ဘာကိစ္စလဲ"

"ကြွေးမြီကိစ္စပါ"

"ငါ့မှာ ကြွေးမြီကိစ္စ မရှိပါဘူးကွာ"

"ရှိပါတယ်"

"ဟေ. . ဘာများလဲ"

ဦးဘဒင်သည် ထန်းရည်အမူးသမားအဖြစ်လည်းကောင်း၊ လူကြီးတစ်ယောက်ဖြစ်နေ၍လည်းကောင်း၊ ဂျပန်အလိုတော်ရိ လူမိုက်ကြီး တစ်ယောက် ဖြစ်နေ၍လည်းကောင်း ဦးဘဒင်ကို ပြောရန် စကားအစ အောင်ဗလ ရှာမရ ဖြစ်နေသည်။

"ဟုတ်ပါတယ် ဦး . . ကြွေးမြီကိစ္စပါ"

"ရှင်းရှင်းပြောစမ်းပါကွာ၊ ဘာကြွေးလဲ"

"သေနတ်ကြွေးပါ"

"ဟား. . ဟား. . ဟား. . ဟား. . "

ဦးဘဒင်၏ ရယ်မောသံသည် ထန်းတောတစ်ခုလုံး ဟိန်းသွားစေ၏။

"ဟုတ်ပါတယ် ဦး၊ သေနတ်ကြွေးပါ"

"ငါ့မှာ သေနတ်နဲ့ပတ်သက်လို့ ကြွေးမရှိဘူးပါလား ချာတိတ်ရဲ့"

"ရှိဖူးပါတယ်ဗျ"

"ဘယ်တုန်းကလဲကွ ဆိုစမ်းပါဦး"

"လွန်ခဲ့တဲ့ လေးရက်တုန်းကပါ"

"ဟေ. . "

"ညနေစောင်းမှာပါ"

"ဘာရယ်ကွ"

ထိုအချိန်တွင် ထန်းရည်ဝိုင်းအတွင်းမှာရှိသော ထန်းသမား အများ

www.burmeseclassic.com

www.burmeseclassic.com


စုသည် ဦးဘဒင်နှင့် အောင်ဗလတို့ အချီအချ ပြောဆိုနေကြသည်ကို ဝိုင်းနားစွင့်နေကြလေသည်။

"ကျွန်တော်ဟာ ဦးအောင်ဘညို့ရဲ့ သားပါ"

"ဘယ်က ဦးအောင်ဘညိုလဲကွ"

"စောစောကပြောတဲ့ ဟိုဘက်ဒိစတြိတ် သာယာကုန်းရွာက ဦးအောင်ဘညိုပါ"

"ငါ သူ့ကို မသိပါလားကွ"

"သတ်တဲ့လူက မသိပေမယ့် အသတ်ခံရတဲ့ သူ့ရဲ့သားက သိနိုင်တာပေါ့ဗျာ"

"ဘာရယ်ကွ"

"ခင်ဗျား ကျူပ်အဖေကို လွှန်ခဲ့တဲ့ လေးရက်လောက်က ရွာလယ်ခေါင်မှာ သတ်သွားတယ်"

"ငါလဲ မမှတ်မိတော့ပါဘူး ချာတိတ်ရာ"

အောင်ဗလသည် ခါးကိုတင်းတင်းထောက်၍ ဦးဘဒင်နှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

"မသိလို့ရမလားဗျ၊ လူနှစ်ယောက်ကို ရွာလယ်ခေါင်မှာ ရက်ရက်စက်စက် ပစ်သတ်သွားတာ လေးရက်ပဲ ရှိသေးတယ်၊ ဘာကြောင့် မသိရမှာလဲ"

ဦးဘဒင်၏ ဟိန်းဟိန်းထနေသော ရယ်သံကြီးသည် တိုက်တာအဆောက်အအုံအတွင်းမှာ မဟုတ်ပါပဲလျက် တဲငယ်ကလေးအတွင်းဝယ် ပဲ့တင်ထပ်သွား၏။

"ဘယ်လိုလုပ်သိမှာလဲ ချာတိတ်ရဲ၊ မာစတာတွေကို ဆန့်ကျင်တဲ့ လူမှန်သမျှ ငါ သတ်လာတာ မနည်းတော့ဘူး၊ မင်းပြောတဲ့ လေးရက်ဆိုတဲ့ အတွင်းပဲ ငါ လူလေးငါးဆယ်ယောက် သတ်လာခဲ့ပြီးပြီကွ"

"ဒါပေမယ့်ဗျာ၊ နာမည်နဲ့တကွ စာရင်းမှတ်ပြီး လိုက်သတ်နေတဲ့ ခင်ဗျားလို လူတစ်ယောက်က လွန်ခဲ့တဲ့ လေးရက်လောက်တုန်းကမှ အသတ်ခံ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတဲ့ ဦးအောင်ဘညို ဆိုတာကို မသိလို့ ဖြစ်ပါ့မလား"

"ဟကောင်ရဲ့ ဒီနယ်ဟပိုက်မှာ အောင်ဘညိုဆိုတဲ့ တော်လှန်ရေး သမားတစ်ယောက် ရှိတယ် သတင်းကြားကတည်းက ငါသတ်လာတာ အောင်ဘညိုပေါင်း လေးငါးခြောက်ယောက် ရှိပြီကွ၊ ငါလဲ မမှတ်မိတော့ဘူး"

အောင်ဗလသည် မတ်တပ်ရပ်နေရာမှ ဒိုင်းကနဲ ခုန်ကြွသွား မတတ် ဖြစ်သွားရလေသည်။

သူတို့သည် သူတို့ ရပ်တည်နိုင်ရေးအတွက် ထင်ကြေးနှင့်လည်း အပြစ်မဲ့သူတို့ကို သတ်တတ်ကြပါကလား။

တကယ်တော့ အောင်ဗလဖခင် ဦးအောင်ဘညိုသည် ဂျပန်တော် လှန်ရေးသမား မှန်ပါ၏။

သို့သော် 'အောင်ဘညို' သတင်းကြားသည်နှင့် အောင်ဘညို မှန်သမျှ လိုက်သတ်ရက်ကြသည်။

သူ့အဖေမှာ အပြစ်ရှိသည်မို့ အဲ. . ဂျပန်များဘက်က ကြည့်လျှင် အပြစ်ရှိသည်မို့ ဂျပန်အသတ်ခံရသည်မှာ မထောင်းတာလှ။

သို့သော် အခြားသော ဦးအောင်ဘညို၊ ကိုအောင်ဘညို၊ မောင် အောင်ဘညိုများအတွက် အောင်ဗလ စိတ်မကောင်းဖြစ်ရသည်။

ထိုအချိန်တွင် ဦးဘဒင်သည် အောင်ဗလထံမှ မျက်နှာလွှဲပြီး သောက်လက်စ ထန်းရည်ကို ငုံ့သောက်နေပြန်လေသည်။

အောင်ဗလသည် ဦးဘဒင်၏ ပခုံးကို တစ်ကြိမ်တစ်ခါမျှ မပြုဖူး သော ကံကြီးထိုက်မည့် အပြုအမူမျိုးဖြင့် ဆတ်ကနဲ ဆွဲလိုက်သည်။ ဦးဘ ဒင်သည် နားလည်စွာ လှည့်ကြည့်သည်။ တစ်ဆက်တည်းမှာပင် ဒေါသ အမျက်ချောင်းချောင်း ထွက်သွားလေသည်။

"ဟေ့ကောင် ဘာလုပ်တာတုန်း"

"အဲဒီအတွက် ကျုပ် ခင်ဗျားကို အကြွေးဆပ်ဖို့လာခဲ့တာ"

နံဘေးမှလူများ ဘေးကြည့်နေစဉ်မှာပင် ဦးဘဒင်၏ လက်သီးသည်

www.burmeseclassic.com

အောင်ဗလ၏ မေးဖျားဆီသို့ ဖျတ်ကနဲ လျင်မြန်စွာ ကျရောက်လာပြီး အောင်ဗလ လွင့်ထွက်ကာ ပက်လက်လန် လဲကျသွား၏။

ဖြာကနဲ ထွက်လာသော ကြယ်များအကြားမှ လူးလဲထနေချိန်တွင် ဦးဘဒင်သည် သောက်လက်စ ထန်းရည်ခွက်ကို အေးဆေးစွာ ဆက်သောက်လိုက်သည်။

နီးရာ ထန်းလက်ကုလားထိုင်တစ်လုံးကို ဆွဲမြှောက်၍ အောင်ဗလ ပြေးလာသည်။

သို့သော် ဦးဘဒင်သည် ထန်းရည်သောက် မပျက်ပါဘဲလျှက် အောင်ဗလ၏ ဆီးစပ်ဆီသို့ ခြေဖြင့် လှမ်းခတ်လိုက်သည်။

အောင်ဗလသည် ကွေးကောက်လိမ်တွန့်၍ မြေကြီးပေါ် တဖန် မှောက်လျက်လဲပြန်သည်။ ဦးဘဒင်ကား အသောက်မပျက်။

အောင်ဗလ ကုန်းထလာပြန်သည်။ ဖွဲ့ကောင်းသော အောင်ဗလ၏ နားထင်နှင့် နံဘေးတို့ကို ဦးဘဒင်၏ တပည့်များက ဝိုင်းကန်ကြပြန်သည်။

အောင်ဗလကား ကျန်သမျှအားနှင့် ကုန်းထပြန်သည်။

ထိုအခြင်းအရာကို မြင်သောအခါ ဦးဘဒင် မနေနိုင်တော့ချေ။ ထိုင်ရာမှ ယိုင်ကွကွ ထလာသည်။

"တော်ကြကော့ကွ"

ဦးဘဒင်သည် အောင်ဗလ၏ မျက်နှာသို့ ရေတစ်ခွက်ဖြင့် ပက်ကနဲ ပက်လိုက်သည်။ အောင်ဗလ မျက်လုံးပွင့်လာသည်။

"ကိုင်း. . ချာတိတ် မင်းအဖေဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ်ကွာ၊ အဲဒီ စောစောက မင်းပြောတဲ့ ဘယ်သူ အောင်ချင်းညို"

သူ့စကားမဆုံးခင် အောင်ဗလက ဖြတ်ပြောလိုက်သည်။

"အောင်ဘညိုပါဗျ၊ ဦးအောင်ဘညို ကျုပ်အဖေ"

"ထားပါကွာ၊ အဲဒီအတွက် မင်းက ဘာလုပ်ချင်လဲ"

"ကြွေးဆပ်ချင်တယ်"

www.burmeseclassic.com

"ကြွေးဆပ်ရအောင် ငါမှ ပိုက်ဆံမချေးဖူးပဲ"

"ပိုက်ဆံကြွေး မဟုတ်ဘူး၊ ကျည်ဆံကြွေး"

"ဘာရယ်ကွ"

အောင်ဗလ အလေးအနက် စဉ်းစားလိုက်သည်။ ဒီအချိန်သည် သူ့ဘဝအတွက် အရေးကြီးသည်။ စကားကို ဆင်ဆင်ခြင်ခြင် ပြောရမည်။

"ဟုတ်တယ်၊ ကျုပ်အဖေကို သတ်တဲ့အတွက် ခင်ဗျားကို ပြန်သတ်ချင်တယ်"

"မင်းအဖေက ဂျပန်ဆန့်ကျင်ရေးသမားကွ"

"ခင်ဗျားကလဲ ဂျပန်အလိုတော်ရိ မဟုတ်ဘူးလား"

ဦးဘဒင်သည် အောင်ဗလ၏ ခေါင်းကို ခွေးငယ်ကလေး တစ်ကောင်ကဲ့သို့ ပွတ်သတ်လိုက်သည်။

"ဘာလဲကွ၊ မင်းလဲ ဂျပန်ဆန့်ကျင်ရေးသမားပဲလား"

"မသိဘူး၊ မသိဘူး၊ ကျုပ်သိတာ ကျုပ်အဖေအတွက် ခင်ဗျားကို သတ်ချင်တယ် ဒါပဲ"

ဦးဘဒင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

သူ့ခါးတွင် ချိတ်ထားသော ခြောက်လုံးပြူး သေနတ်ကိုထုတ်၍ အောင်ဗလ လက်ထဲသို့ ထည့်ပေးလိုက်သည်။

ထိုအခြင်းအရာကို မြင်သဖြင့် အသင့်အနေအထားပြုကာ အောင်ဗလကို သေနတ်ကိုယ်စီဖြင့် ဝိုင်းချိန်လိုက်သောသူ့တပည့်များကိုပင် ဦးဘဒင်က လက်ကာတားဆီးလိုက်သည်။

ဦးဘဒင်၏သတ္တိကို အောင်ဗလ ပထမဦးဆုံးအကြိမ်အဖြစ် လန့်ဖြန့်သွားမိလေသည်။

သေနတ်ကိုင်မိကာမှ ဘယ်လိုအသုံးချရမှန်း အောင်ဗလ မသိပါ။

ဝိုင်းဝန်း ဟားတိုက်ရယ်မောလိုက်သံများကြားမှ အောင်ဗလ ကုန်းရုန်းထသည်။

သို့ရာတွင် ရယ်မောဟားတိုက်နေသူများ အံ့ဩစေနိုင်လောက်

www.burmeseclassic.com

www.burmeseclassic.com


သည့်စကားကို အောင်ဗလ ပါးစပ်က ပြောဖြစ်သွား၏။

"ဒီမှာ ဦးဘဒင် လူတစ်ယောက်ကို ကြိုးနဲ့ တုပ်ပြီးမှ တုတ်နဲ့ ရိုက်တဲ့အလုပ်ကို ကျုပ် ဘယ်တော့မှ မလုပ်ဘူး၊ ရော့"

အောင်ဗလသည် ဦးဘဒင်၏သေနတ်ကို ဦးဘဒင်ထံသို့ ပစ်ပေးလိုက်သည်။

"ခင်ဗျားဟာ တကယ်သတ္တိရှိတဲ့ လူတစ်ယောက်ဆိုရင် ဟောဟို ထန်းတောထဲမှာ ခင်ဗျားနဲ့ကျုပ် ကျဉ်ဆံတစ်တောင့်ကြေး ယှဉ်ပစ်ကြမယ်၊ ကျုပ်ကို သေနတ်တစ်လက်ပေး၊ ကလိမ်မကျကြေးပေါ့ဗျာ၊ ဟုတ်လား"

ဦးဘဒင် တွေဝေသွားသည်။ သူ တွေဝေသွားခြင်းသည် ကြောက်လန့်တကြား ဖြစ်သွားခြင်းတော့ကား မဟုတ်ချေ။ ချာတိတ်၏ သတ္တိကို လူမိုက်ကြီးပီပီ သဘောကျသွားခြင်းသာ ဖြစ်သည်။

"ဖြစ်ပါ့မလား မောင်ရ"

"ဒါ ခင်ဗျားအလုပ်မဟုတ်ဘူး၊ ခင်ဗျားသတ္တိရှိရင် ကျုပ် စိန်ခေါ်တာ လက်ခံဖို့ပဲ"

ဦးဘဒင်သည် သူ့သေနတ်ကို မိုးပေါ်ထောင်၍ တစ်ချက်ဖောက်လိုက်သည်။

"တွေ့တယ်မဟုတ်လား၊ ကျည်ဆံအစစ်ပါကွ၊ ငါ ကလိမ်မကျပါဘူး၊ ရော့. . နောက်ထပ် ငါးတောင့်ကျန်သေးတယ်"

အောင်ဗလထံသို့ သေနတ်ကို ပစ်ပေးလိုက်သည်။

"များများမလိုပါဘူးဗျာ၊ တစ်တောင့်တည်းပါ၊ ကျန်တဲ့ လေးတောင့် ပြန်ထုတ်လိုက်ပါဦး"

ဦးဘဒင်က ကျည်ဆံလေးတောင့်ကို ပြန်ထုတ်ရင်း 'အင်း. . ဒီ ချာတိတ်တော့ သေနတ်ကျည်ဆံ ဘယ်လို ထုတ်ရမှန်းတောင် မသိပါ ကလား' ဟု တွေးမိသည်။

× × × × ×

www.burmeseclassic.com

 www.burmeseclassic.com 

အုံ့ညြ တွေဝေနေကြသော ထန်းသမားများ၊ အမူးသမားများ၊ ဦးဘဒင်၏တပည့်များ မျက်စိရှေ့မှောက်တွင် အရုပ်ကလေးတစ်ရုပ်ကို ကစားနေဟန်တူသော ဦးဘဒင်နှင့် အန္တရာယ်ကြီးတစ်ခုကို ရင်ဆိုင်နေဟန်တူသော အောင်ဗလတို့ ဆယ့်လေးငါးလှမ်းစာမျှ မျက်နှာချင်းဆိုင် သေနတ်ကိုယ်စီကိုင်၍ ရပ်နေကြသည်ကို မြင်ရလေသည်။

'ဒိုင်း' ကနဲ မြည်လိုက်သော သေနတ်သံနှင့်အတူ အောင်ဗလနံဘေး တစ်ထွာသာသာလောက်တွင် ရှိသော ထန်းရည်မြူအိုးကလေးမှာ လန့်ဖြန့် ကွဲကြေသွားသည်။

ဦးဘဒင်၏ ဟားတိုက်ရယ်မောသံနှင့်အတူ နံဘေးမှ ပရိသတ်၏ လှောင်ပြောင်သံများကို အောင်ဗလ ကြားလိုက်ရသည်။

ဦးဘဒင်က စ၍ ပညာပြ သေနတ်တစ်ချက် ပစ်လိုက်မိလေသည်။

မြွေပေါက်စကလေးနှင့် ကစားဘိသကဲ့သို့ အဖြစ်ရောက်သွားမှန်း ဦးဘဒင် မသိရှာချေ။

အဘယ်ကြောင့်ဆိုသော် ပညာပေးလိုသော၊ ကျီစယ်လိုသော သဘောဖြင့် ပစ်လိုက်သည့် အမှားကို ဉာဏ်ရည်ထက်မြက်စ အောင်ဗလ ကောင်းစွာ အသုံးချလိုက်သောကြောင့် ဖြစ်လေသည်။

အောင်ဗလသည် သူ့လက်ထဲမှ သေနတ်ကို ဦးဘဒင်ထံသို့ ပစ်ပေးလိုက်သည်။

"ဒီမှာ ဦးဘဒင်. . ခင်ဗျားကြီးဟာ တကယ် သတ္တိကောင်းတယ်၊ လူကြီးပီသတယ်၊ ကတိတည်တယ်ဆိုရင် ခင်ဗျားအပေါ်မှာ ကျုပ် ကျည်ဆံတစ်တောင့် အကြွေးရှိတယ်ဆိုတာ လက်ခံရလိမ့်မယ်"

ပတ်ဝန်းကျင် ငြိမ်သက်သွားသည်။ သို့သော် ဦးဘဒင်ကား ဟာသမပျက်သော သူ့ဝသီအတိုင်း သတ္တိ၊ ကတိတည်စွာ ပြန်ပြောလိုက်သံသည် ထန်းတောတစ်ခုလုံး ဟိန်းထသွားလေသည်။

"အေးပေါ့ကွာ၊ ငါ ကတိတည်ပါတယ်၊ မင်းအခါင်ပြေတဲ့အခါ၊ အချိန်မရွေး ငါ့ဆီလာပြီး ကျည်ဆံကြွေး ဆပ်နိုင်ပါတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com

တစ်တောင့်ပဲနော်၊ ငါမရှိရင်လဲ မင်းလာမယ့်နေ့ကို ငါ့တပည့်တွေဆီ ကြိုတင်အကြောင်းကြားထား၊ လာစောင့်နေမယ်"

အောင်ဗလ သူ့မြင်းရှိရာသို့ ပြန်လှည့်လာခဲ့သည်။

ဦးဘဒင်၏ ရယ်မောဟားတိုက်သံနှင့်အတူ အောင်ဗလနောက်ကျောဆီသို့ စကားတစ်ခွန်း ကပ်ပါလာသည်။

"ဟား. . ဟား. . ဟား ဟေ့ ချာတိတ်၊ သေနတ်ကို ပြောင်းပြန် မကိုင်မိအောင်လဲ ကြိုးစားထားဦး၊ တော်တော်ကြာ ဂျပန်တော်လှန်ရေးသမားမဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ကို သတ်သေသလို ဖြစ်နေဦးမယ်"

မည်သို့ပင်ရှိစေ၊ အောင်ဗလအဖို့ရာကား သည်ကနေ့ အောင်ပွဲ။



www.burmeseclassic.com

www.burmeseclassic.com

# (၅)

ရွာသို့ ပြန်ရောက်လျှင် ရောက်ချင်း မြမေနှင့် ပြေးတွေ့လိုက်မည်ဟု တစ်လမ်းလုံး စိတ်ကူးလာခဲ့၏။

အဲဒါ အချစ်လား။

သူ့ဘာသာသူလည်း မသိပါ။

သို့သော် မြမေနှင့် ပြေးတွေ့ချင်သည့်စိတ်က လွန်လွန်ကျူးကျူး ဖြစ်နေသည်။

တကယ်တမ်းကျတော့မူ သူထင်သလို ဖြစ်မလာခဲ့ပါ။

မူလ သူ့အစီအစဉ်မှာ ပထမ မြမေနှင့်တွေ့မည်။ ဒုတိယ ကိုကြီးကိုသောင်း၊ တတိယ ဆရာတော်ကို တောင်းပန်မည်။ ဒါပဲ။ စတုတ္ထ အစီအစဉ်မှာ သူ့မှာမရှိ။ သို့သော် အစီအစဉ်မရှိပါဘဲလျက် ပထမနေရာသို့ ရောက်လာသူကား သူကြီးသမီး လွင်စန်းယဉ်။

အောင်ဗလ၏အပြန်ခရီးတွင် ထုံးစံအတိုင်း မြင်းပုကလေးနှင့်ဖြစ်သည်။ မြင်းပိုင်ရှင် သူငယ်ချင်းကို မြင်းပုကလေး ပြန်အပ်ပြီးနောက် သူငယ်ချင်း၏ အကူအညီနှင့်ပင် နွားလှည်းခရီး ကြုံရခဲ့ပြန်သည်။

ထို့နောက်တွင်ကား ခြေလျင်ခရီး. . ။

www.burmeseclassic.com

မိမိရွာသို့ ပြန်ရောက်ရန် တစ်မိုင်ခရီးမျှအလိုလောက်တွင် လှည်းကြုံတစ်စီး တွေ့ပြန်သည်။ လက်တား၍ လိုက်သွားမည် စိတ်ကူးသေး၏။

နောက် မထူးတော့ပါဘူးဟူ၍ ဆက်လျှောက်လာသည်။ သို့သော် နွားလှည်းသည် သူ့ကိုကျော်သွားပြီးနောက် ရပ်လိုက်သည်။

လှည်းနောက်မြီးပိုင်းတွင် ထိုင်နေသော မိန်းမပျိုတစ်ဦးသည် ပေါ့ပေါ့ပါးပါး ခုန်ဆင်းလာပြီးနောက် သူ့ထံကို မပြေးသလို ပြေးသလိုနှင့် ရောက်လာသည်။

"ဟင်. . လွင်စန်းယဉ်"

"အောင်ဗလ နင် ဘယ်လျှောက်သွားနေတာလဲ"

"လျှောက်မသွားပါဘူး၊ တစ်နေရာတည်းကို သွားတာပါ"

"ဘယ်ကိုလဲ"

"နင်နဲ့မဆိုင်ပါဘူး"

လွင်စန်းယဉ် ဝမ်းနည်းသွားသည်။ အောင်ဗလ၏ ပစ်စလတ်ခတ် ပြောတတ်သော စကားတိုင်းကို လွင်စန်းယဉ်ခမျာ ဝမ်းနည်းရသည်ချည်း ဖြစ်၏။

"ထားပါလေ၊ နင် အခုရွာကို သွားမှာမဟုတ်လား"

"အေး"

"ငါတို့လှည်းနဲ့ လိုက်ခဲ့လေ"

"နေပါစေ"

"လိုက်ခဲ့ပါ သူငယ်ချင်းရယ်"

"မလိုက်တော့ပါဘူး၊ နီးနီးလေး ကျန်တော့တာပဲ၊ ငါ လမ်းလျှောက် လိုက်ခဲ့မယ်"

"နင့်ကိုငါ ပြောစရာတွေ အများကြီးရှိလို့ပါ အောင်ဗလရယ်"

အောင်ဗလ သက်ပြင်းချလိုက်သည်။ လွင်စန်းယဉ်နှင့်အတူ နွားလှည်းရှိရာသို့ လိုက်ပါလာခဲ့သည်။

"ဘာတွေပြောစရာရှိလို့လဲ လွင်စန်းယဉ်"

www.burmeseclassic.com

"နင် ရွာကပျောက်သွားတုန်းက ငါတို့ဖြင့် စိတ်ပူလိုက်ရတာ"

"ငါတို့ဆိုတာ ဘယ်သူတွေလဲ"

"ငါရယ်. . မြမေရယ်ပေါ့"

"ဩော်. . ဩော်"

အောင်ဗလ၏ စိတ်၌ လွင်စန်းယဉ်နှင့်ပတ်သက်၍ ပထမဦးဆုံး အကြိမ် စဉ်းစားဖြစ်လိုက်သည်။

"ကဲ. . ဆက်ပြောလေ၊ နင့်မှာ ငါ့ကို ပြောစရာတွေ အများကြီး ရှိတယ်ဆို"

"ဒါလောက်ပါပဲဟာ"

"ဒါနဲ့ အများကြီးဆို"

"အေးပေါ့၊ အဲဒါ အများကြီးပေါ့"

"ဘယ်လိုလဲဟ. . နင့်စကားက"

"အေးလေ. . နင်ရွာက ထွက်သွားလို့ ငါစိတ်ပူနေရတာ ပြောစရာ တွေ အများကြီးပေါ့"

"ဒါဆို ပြောလေ"

"ငါပြောပြီးပါပကောလား၊ အောင်ဗလရယ်၊ ငါ စိတ်ပူနေတယ် လို့"

"ဟ. . အများကြီးဆိုဟ"

"အေးပေါ့၊ အဲဒါ အများကြီးပေါ့"

ဝမ်းနည်းသံလည်း မဟုတ်၊ ဝမ်းသာသံလည်း မဟုတ်သော လွင် စန်းယဉ်၏ စကားသံကြောင့် အောင်ဗလရင်တွင် တစ်စုံတရာ ခံစားလိုက် ရသည်။

လွင်စန်းယဉ်နှင့် ပတ်သက်၍ ပထမဆုံးအကြိမ်အဖြစ် ဘာခေါ် မလဲ တစ်မျိုးကြီး ဖြစ်သွားသည်။

လွင်စန်းယဉ်တို့ လှည်းနှင့်အတူ အောင်ဗလ ရွာသို့ ပြန်လိုက် လာခဲ့သည်။

www.burmeseclassic.com

 www.burmeseclassic.com 

မြမေနှင့် တွေ့ရန်ကို ပထမအစီအစဉ်အဖြစ် စိတ်ကူးခဲ့သော်လည်း ခုတော့ ဒုတိယအစီအစဉ်အဖြစ် ထားလိုက်ရသည်။

သို့သော် ထို ဒုတိယအစီအစဉ်သည်ပင် ဖြစ်မလာရပါ။

ရွာသို့ရောက်ပြီး မြမေအိမ်ဘက်သို့ သွားမည် စိတ်ကူးစဉ်မှာပင်-

"ဟော့ . . အောင်ဗလ မင်းကို သူကြီးခေါ်နေတယ်"

ဒိတ်ကနဲလိုလို ဖြစ်သွားသည်။

ထုံးစံအတိုင်း သုန်သုန်မှုန်မှုန် ဖြစ်နေသော သူကြီးမျက်နှာကို ရင်ဆိုင်ရလေသည်။

"မင်း ဘယ်ကိုသွားသလဲ အောင်ဗလ၊ မှန်မှန်ပြောစမ်း"

အောင်ဗလသည် သိတတ်စအရွယ်ကတည်းက ညာတတ်ခဲ့သည် မဟုတ်ချေ။

ထို့ကြောင့်ပင် သူကြီးအား သူဘယ်လို ဘာအတွက် ထွက်သွားသည့်အကြောင်း အမှန်အတိုင်း ဖွင့်ပြောလိုက်သည်။

သူကြီးသည် ဒေါသအမျက်ချောင်းချောင်းထွက်သွား၏။

"မင်း မာစတာတွေနဲ့ ပတ်သက်တဲ့လူကို ဘာပြုလို့ သွားရန်ပြု ရတာလဲ"

"မဟုတ်ပါဘူး သူကြီးမင်း၊ မာစတာတွေ ဂျပန်တွေ တော်လှန်ရေးတွေ လွတ်လပ်ရေးတွေဆိုတာ ကျွန်တော် ဘာမှန်းမသိပါဘူး၊ ကျွန်တော့် အဖေ အသတ်ခံရလို့ စိတ်ဆိုးတာတစ်ခုပါပဲ သူကြီး"

သူကြီးသည် ကလေးငယ်မျှသာ ဖြစ်သေးသော အောင်ဗလကို ယုံကြည်မိလေသည်။

တကယ်တော့မူ အောင်ဗလသည် ပထမဦးဆုံးအကြိမ်အဖြစ် မုသားစကား ဆိုလိုက်ခြင်းဖြစ်သည်။

သူ၏ ရှေ့လျှောက် အစီအစဉ်တို့ကို သူကြီး မသိစေရန် အတတ်နိုင်ဆုံး ဖုံးကွယ်ရမည် မဟုတ်ပါလား။

မုသားမပါ လင်္ကာမချောပါ။

www.burmeseclassic.com

www.burmeseclassic.com


"အေး ခင်းကို ငါ နှစ်ခုပြောလိုက်မယ်၊ သေသေချာချာ မှတ်သွား၊ တစ်ခုက မင်းအဖေလုပ်ငန်းဖြစ်တဲ့ ဂျပန်တော်လှန်ရေးကို လုံးဝစိတ်ကူးဖို့ မကြိုးစားနဲ့၊ နောက်တစ်ခုက အဲဒီ ကလဲ့စားချေချင်တဲ့ စိတ်ကို ဖျောက်ဖျက်ပစ်လိုက်၊ နောက်တစ်ခါ ဦးဘဒင်နဲ့ ပြဿနာဖြစ်တယ်လို့ ငါ မကြားချင်ဘူး၊ ဒါပဲ"

× × × × ×

မြမေနှင့် တွေ့ရန်အစီအစဉ်ကို တတိယအဖြစ် စိတ်ကူးခဲ့သော်လည်း စတုတ္ထအဖြစ် ပြောင်းလိုက်ရပြန်သည်။ အဘယ့်ကြောင့်ဆိုသော် သူကြီး၏ ရာဇသံပေးချက်အရ သူ၏ ရှေ့လျှောက်လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ရန်အတွက် ကိုကြီးကိုသောင်း ကြက်ခြံသို့ ပြေးခဲ့ပြန်သည်။

"ဒီမှာ အောင်ဗလရဲ့ ရည်ရွယ်ချက်ဟာ လူကိုသတ်ဖို့ မဟုတ်ဘူး၊ စနစ်ကိုသတ်ဖို့။ တို့နိုင်ငံကို ခြယ်လှယ်နေတဲ့ ဖက်ဆစ်စနစ်ကို ကျူငုတ်မကျန် သတ်ပစ်လိုက်တဲ့အခါမှာ အဲဒီ ဖက်ဆစ်စနစ်ရဲ့ အကိုင်းအခက်တွေမှာ တွဲလောင်းခိုနေတဲ့ လူတွေလဲ အလိုလို သေကုန်ကြလိမ့်မယ်၊ ငါတို့ရဲ့ တော်လှန်ရေးသမားတွေ တိုက်နေတာဟာလဲ ဂျပန်ကိုမဟုတ်ဘူး၊ ဖက်ဆစ်စနစ်ကို တိုက်ထုတ်နေကြတာ၊ ဒါကြောင့် မင်းရဲ့ လက်စားချေမှုဟာ အဓိပ္ပါယ်မရှိဘူး၊ ဖက်ဆစ်တော်လှန်ရေး ပြီးတဲ့အခါ ဂျပန်တင်မကဘူး၊ အမျိုးသားသစ္စာဖောက်တွေလဲ ကျဆုံးမှာပဲ၊ တို့ညီရယ် . . မင်းဟာ လူကြီးလေးဖြစ်ဖို့ ကောင်းပြီ၊ လေးနက်ဖို့ ကောင်းပြီကွာ"

ကိုကြီးကိုသောင်း၏ အယူအဆကို အောင်ဗလ မတောက်တခေါက်တော့ နားလည်လိုက်ပါသည်။

သို့သော် သူ၏ လက်စားချေလိုသော သဘောကိုလည်း ကိုကြီးကိုသောင်း နားလည်နိုင်ရန် ကြိုးစားပြောလိုက်သည်။

"အဲဒါပဲ ကိုကြီးကိုသောင်း၊ ကျွန်တော် လူမသတ်ချင်ပါဘူး၊ ဒါပေမယ့် ဦးဘဒင်ကိုတော့ . . . "

www.burmeseclassic.com

 www.burmeseclassic.com 

သူတို့နှစ်ဦး နားလည်မှု ရရှိသွားကြသည်။ တစ်ဆက်တည်းမှာပင် ဘယ်နေ့ဘယ်အချိန်၌ သည်ရွာမှ ခွာကြမည်၊ ဖက်ဆစ်လုပ်ငန်းတွင်းသို့ ခြေစုံပစ် ဝင်ကြမည် စသည့် အဓိက အစီအစဉ်များကို အလျင်အမြန်ဆုံး ရေးဆွဲဖြစ်လိုက်ကြသည်။

× × × × ×

"နင် ဘယ်ကိုသွားနေတာလဲ အောင်ဗလ"

မြမေသည် ပြုံတော့မည့်မိုးကဲ့သို့ ငိုမလိုစကားကို ဆိုသည်။

"နင် စိတ်ပူနေသလား"

"ဖြေနေစရာလိုသေးသလား အောင်ဗလရယ်"

"ငါ ကြားချင်လို့ပါ"

"ဘာကိုလဲ"

"ဩော်. . နင်စိတ်ပူနေတယ် ဆိုတာကိုပါ"

မတိုင်ပင်ကြဘဲလျက် ပြိုင်တူ သက်ပြင်းချလိုက်ကြသည်။

စတုတ္ထအစီအစဉ်အရ မြမေအိမ်သို့ သွားမည် စိတ်ကူးခဲ့သော်လည်း ဆရာသမားလည်းဖြစ်၊ ကျေးဇူးရှင်လည်းဖြစ်၊ မိဘသဖွယ်လည်း ဖြစ်သော ဆရာတော်ဘုရားထံ ဝန်ချတောင်းပန်ရန် အရင်သွားခဲ့ရသည်။

"လောကကြီးအကြောင်း မသိသေးဘဲ လောကကြီးကို ရင်ဆိုင်ဖို့ ဘာကြောင့် ကြိုးစားရတာလဲ အောင်ဗလ" အစချီသော ဆုံးမဩဝါဒဖြင့် နောက်ဆုံး ကြိမ်လုံးဖြင့် ထမဆော်ရုံတမယ် ဆရာတော်က ကြိမ်းမောင်း လေတော့၏။

ညဦးပိုင်း ရောက်ခါမှ မြမေတို့အိမ်ဘက် ထွက်လာခဲ့ခြင်း ဖြစ်သည်။

ကံကောင်းချင်၍လားတော့ဖြင့် မသိ၊ မြမေတို့အိမ်တွင်မည်သူမျှ မရှိ၊ နှစ်ယောက်ချင်း စကားပြောခွင့်ရလေသည်။

www.burmeseclassic.com

 www.burmeseclassic.com 

ထို့ကြောင့်ပင်လျှင် အထက်ပါအတိုင်း ရိုးတိုးရိပ်တိပ်သော ချစ်စကားများကို ပြောဖြစ်ကြခြင်း ဖြစ်လေသည်။

ထွေလာကေလာစကားများကို တော်တော်ကြာကြာ ပြောကြပြီးနောက် အောင်ဗလသည် ပေ့ါပါးနေရာမှ လေးနက်သွားပြန်သည်။

"မြမေ"

"ဟင်"

"ငါ့ကို ကတိတစ်ခုပေးပါလားဟယ်"

"ဘာလဲ"

"ငါ အခုပြောမယ့် စကားကို ဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ကတိ"

မြမေ၏ရင်သည် ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးသွားဟန်ရှိသွားသည်။

စကားအဖြစ် ဆိုရခြင်းဖြစ်သော်လည်း တကယ်တော့မူ တင်စားခြင်းသာဖြစ်သည်။

ဆိုပါစို့၊ ရင်ခုန်ခြင်း။

သူ အနှစ်နှစ်အလလက မျှော်လင့်ခဲ့ရသော စကားကို အောင်ဗလထံမှ ကြားရပေတော့မည်။

လရောင်နှင့်အတူ လေညှင်းကလေးနှင့်အတူ ရွာတောင်ဘက်စမ်းချောင်းမှ လှိုင်းကြက်ခွပ်ကလေးများနှင့်အတူ သို့ကလို ညင်သာသော ခုန်ခြင်းမျိုးဖြင့် ခုန်သွားသည်။ 'ရင်'။

နှစ်ယောက်စလုံး ရင်ခုန်နေကြသည်။

သို့သော်. .

အောင်ဗလ ပြောလိုက်သော စကားသည် မြမေ မျှော်လင့်သော စကား ဖြစ်မလာခဲ့။

ထို့အတူ ရင်ခုန်သည်လည်း တစ်ယောက်နှင့်တစ်ယောက် မတူကြ။

မြမေက အချစ်အတွက် ရင်ခုန်နေရသော်လည်း အောင်ဗလက

www.burmeseclassic.com

www.burmeseclassic.com


တော်လှန်ရေးအတွက် ရင်ခုန်သည်။

မည်သို့ပင်ရှိစေ။

ထားပါလေ။

အောင်ဗလသည် မကြာခင်ရက်အတွင်း ထန်းပင်ကုန်းရွာမှ သူကြီးသားမက် ဖိုးတေကတဆင့် ကိုကြီးသာဒင်နှင့် ဆက်သွယ်ပြီး တော်လှန်ရေးလောကသို့ ခြေစုံပစ်ဝင်တော့မည့်အကြောင်း မြမေကို ပြောပြလိုက်လေတော့သည်။

"ဒီအကြောင်းတွေကို ဘယ်သူမှ မသိစေချင်ဘူး မြမေ"

"ငါ နားလည်ပါတယ် အောင်ဗလရယ်"

ငိုသံပါနှင့် ပြောသော မြမေ၏ စကားကြောင့် အောင်ဗလ စိတ်မကောင်းဖြစ်ရသည်။

"အေး. . ငါလဲ နင့်ကို နားလည်ပါတယ်မြမေရယ်"

"ဘာကို နားလည်တာပဲ"

"ငါ နင့်ကို နားလည်မယ်ဆိုရင် နင်သိရောပေါ့"

"အောင်ဗလရယ်. ."

"မြမေရယ်. ."

မြမေသည် ဘယ်လိုမှန်းမသိသော အောင်ဗလ တစ်ကြိမ်မျှ မမြင်ဖူးသော မျက်လုံးဖြင့် ကြည့်လိုက်သည်။

သမင်မျက်လုံးကို အောင်ဗလ မမြင်ဖူးသောကြောင့် ဥပမာ မပေးတတ်သော်လည်း ထားပါလေ၊ စာစာက ပြောသလို တစ်မျိုးကြီးပါပဲဟု ခံစားလိုက်ရသည်။

ဝေ့လာသော မျက်ရည်များနှင့်အတူ မြမေ နှုတ်ဖျားမှ ရေလာမြောင်းပေး စကားတစ်ခွန်း ထွက်လာသည်။ သည်အတွက် မိန်းမတို့ သိက္ခာမကျပါဟု မြမေ ယုံကြည်သည်။

"နင့်မှာ ပြောစရာကုန်ပြီလား"

"မကုန်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com


"ဒါဖြင့် ပြောလေ"

"တော်လှန်ရေးပြီးမှ . ."

မမျှော်လင့်သော အဖြစ်အပျက်တို့သည် ဖြစ်တတ်ကြ၏။ မြမေသည် တရှိုက်ငင်ငင် ငိုချလိုက်ရင်းက အောင်ဗလ၏ ရင်ခွင်တွင်းသို့ ခေါင်းခွေကျသွားလေသည်။ ဖက်ဆစ်အမိုက်မှောင်ကို ဖြိုခွင်းအပ်သော လွတ်လပ်ခြင်း၏ အလင်းရောင်ကို ပေးစွမ်းအပ်သော လရောင်သည် ဝင်းလက် လွှင့်ဖြာနေသည်။

ထို့အတူ . .

အချစ် . .။



www.burmeseclassic.com

www.burmeseclassic.com

# (၆)

ထန်းပင်ကုန်းရွာမှ သူကြီးသားမက် ဖိုးတေနှင့် တွေ့သည်။ ဖိုးတေ၏ အကူအညီဖြင့် သည်နယ်တဝိုက်မှ တော်လှန်ရေးသမားများ စုဝေးရာ ဗဟိုစခန်းသို့ အောင်ဗလ ရောက်ရှိလေသည်။

အလွန်မတန် အလုပ်များနေသော ကိုကြီးသာဒင်(မြမေ၏အစ်ကို) နှင့် တိုက်ရိုက် တွေ့ခွင့်ရလေသည်။

ကိုကြီးသာဒင်ကို တွေ့ရသည်မှာ အရင်ကနှင့်မတူဘဲ ပို၍ လေးနက်နေဟန် ရှိသည်။

ကိုကြီးသာဒင်သည် တော်လှန်ရေးနှင့်ပတ်သက်၍ များလှစွာသော အတွေ့အကြုံများကို ရရှိနေလေသည်။

"ကိုင်း. . အောင်ဗလရေ မင်းတစ်ယောက်တည်း အနေနဲ့ကတော့ ဟိုက တန်းလျားလေးမှာ ရဲဘော်တွေနဲ့အတူ အိပ်ပေတော့၊ သူတို့ စီစဉ်ပေးလိမ့်မယ်"

"ရပါတယ် ကိုကြီးသာဒင်၊ ဒါပေမယ့်. . "

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော်နဲ့အတူ ကိုကြီးကိုသောင်း ပါလာတယ်"

"ဘယ် ကိုကြီးကိုသောင်းလဲကွ"

www.burmeseclassic.com

www.burmeseclassic.com


"ကြက်တွေမွေးတဲ့ ကိုကြီးကိုသောင်းပါ"

"ဪ . . ကြက်သောင်းကိုး . . ခု သူဘယ်မှာလဲ"

"နှစ်ယောက် အတူတူလာလို့ရှိရင် ပြဿနာဖြစ်မှာစိုးလို့ လမ်းခွဲလာကြတာပါ၊ မကြာပါဘူး၊ သူ ရောက်လာမှာပါ ကိုကြီးသာဒင်"

"အေး . . ကောင်းတယ်၊ မင်းက ဘယ်ဆိုးလို့လဲကွ"

"မဟုတ်ပါဘူး ကိုကြီးသာဒင်၊ ဒါက ကိုကြီးကိုသောင်း စီစဉ်တာ"

"အေး . . အေး . . ဟုတ်လား"

ကိုကြီးသာဒင်သည် ခြောက်လုံးပြူးတစ်လက်ကို ခါးတွင် စိုက်ထားသည်။

ပြောင်းရှည်သေနတ်တစ်လက်ကိုမူ ကျောတွင် စလွယ်သိုင်းထားသည်။

ချုပ်ရိုး အဖာဖာအထေးထေးနှင့် ဘောင်းဘီပွကြီးကို ဝတ်ထားသည်။ သူ့မျက်နှာသည် နေလောင်ထားသောကြောင့် ညိုမည်း ဖောင်းကား၍ နေသည်။

မည်သို့ပင်ရှိစေ ကိုကြီးသာဒင်ကို ကြည့်ရသည်မှာ တစ်စုံတရာသော စိတ်ဓာတ်တက်ကြွမှုကို ဖြစ်ပေါ်စေသည်။

"ဒါနဲ့ ငါ့နှမ မြမေတစ်ယောက်ကော နေကောင်းရဲ့လား"

"ကောင်းပါတယ် ကိုကြီးသာဒင်"

ကိုကြီးသာဒင်က ရိုးရိုးသားသား မေးခြင်းဖြစ်သော်လည်း အောင်ဗလအဖို့ကား မလုံမလဲ ဖြစ်ရသည်။

ကိုကြီးသာဒင်နှင့် ရွာအကြောင်း ရှေးဟောင်းနှောင်းဖြစ်များ ပြောနေစဉ်မှာပင် ကိုကြီးကိုသောင်း မြင်းတစ်စီးဖြင့် ရောက်လာသည်။

ကိုကြီးကိုသောင်း အတွက်ရော အောင်ဗလအတွက်ပါ လိုအပ်သည်များကို ကိုကြီးကိုသာဒင်က စီစဉ်ညွှန်ကြားလေသည်။

ကိုကြီးသာဒင်ကိုကြည့်ရသည်မှာ ထိုစခန်းတွင် ဗိုလ်တော်ကလေး အရေးပါ အရာရောက်ပုံရသည်။

www.burmeseclassic.com

 www.burmeseclassic.com 

ညနေပိုင်းတွင် ကိုကြီးသာဒင်က ဗိုလ်ကြီးဟု အားလုံးက တရိုတသေ အခေါ်ခံရသူတစ်ဦးထံ ခေါ်သွားလေသည်။

"အေး တော်လှန်ရေးလုပ်တယ်ဆိုတာ လူသတ်တာတော့ မဟုတ်ဘူးကွ၊ ဒါပေမယ့် လူသတ်သမားရဲ့ ရန်ကို ကာကွယ်ဖို့တော့ သေနတ်ပစ်ကျွမ်းကျင်ဖို့လိုတယ်"

အသားမည်းမည်း အရုပ်ဆိုးဆိုးနှင့် ချစ်ကြည်ညိုဖွယ်ကောင်းသော ထိုလူကြီး၏စကားကို ကြားရသောအခါ အောင်ဗလ ကျေနပ်မိသည်။

ဘာအတွက်ကြောင့်ဖြစ်ဖြစ် သူ သေနတ်ပစ်တတ်ချင်သည်။ ဦးဘဒင်ကို သူ လက်စားချေရန်ဖြစ်သည်။

× × × × ×

ရောက်စကတော့ တော်လှန်ရေးသမားဖြစ်ဖို့ လှုပ်ရှားရသည်ကို ငြီးငွေ့မိသည်။ နောက်ပိုင်း လက်တွေ့အဖြစ် သေနတ်ပစ်စသော လေ့ကျင့်ခန်းများ၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားရေး၊ လွတ်လပ်ရေး၊ အမိနိုင်ငံကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေး စသော အတွေးအခေါ်ပညာများပါ သင်ကြားလာရသဖြင့် အောင်ဗလသည် ပျော်ရွှင်တက်ကြွသော တော်လှန်ရေးသမားကောင်းကလေး ဖြစ်လာသည်။ အထူးသဖြင့် သေနတ်ပစ်ကောင်းသော ရဲဘော်တစ်ဦးအဖြစ် သတ်မှတ်ခြင်း ခံရသည်။

× × × × ×

"ကိုကြီးသာဒင် ခရီးထွက်သွားတာလဲ ကြာလှချည်လားဗျာ"

ကိုကြီးသာဒင် တော်လှန်ရေးကိစ္စ တစ်ခုဖြင့် ခရီးထွက်သွားသည်ကို စိတ်ပူနေသော အောင်ဗလသည် သူ၏ တွဲဖက်တော်လှန်ရေးရဲဘော်တစ်ဦးအား မေးလိုက်ခြင်းဖြစ်သည်။

ထိုရဲဘော်ကမူ အတွေ့အကြုံ ရှိနေသည့်အလျောက် အေးအေးဆေးဆေးပင် ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com


"သူ တစ်ခါတစ်ခါ ခရီးထွက်ရင် ဒီလိုပဲ ကြာတယ် ရဲဘော်ရဲ့၊ ဘယ်သွားလဲလို့ ကျုပ်တို့ သိခွင့်မရှိဘူး၊ ဒါဟာ လူကြီးတွေရဲ့ လျှို့ဝှက်ချက်"

"ဪ. . ဪ. ."

သို့သော် အောင်ဗလသည် ကိုကြီးသာဒင်ကို အလိုလို စိတ်ပူနေသည်။

အထူးသဖြင့် ညအိပ်ရာဝင်တိုင်း ကိုကြီးသာဒင်အကြောင်း၊ ရွာအကြောင်း ပြီးတော့ကျတော့ မြမေ။

"ဟကောင်ရ. . တော်လှန်ရေးလုပ်တယ်ဆိုတာ ရဟန်းတွေ တောထွက် တရားရှာသလို ကိုယ်ရေးကိုယ်တာကိစ္စတွေ စွန့်လွှတ်နိုင်ရတယ်"

ကိုကြီးကိုသောင်းက ရှင်းပြသည်။

"ဒါကတော့ဗျာ၊ ကိုကြီးကိုသောင်းမှာ သံယောဇဉ်တွယ်စရာမှ မရှိဘဲကိုး"

"နို့. . မင်းမှာကော ရှိလို့လားကွ"

အောင်ဗလသည် ဘာမှပြန်မပြောတတ်ဘဲ ရယ်ကြဲကြဲလုပ်နေလိုက်သည်။

ထိုအခါမျိုးတွင် မြမေကို ပို၍ သတိရသည်။



www.burmeseclassic.com

www.burmeseclassic.com

# (၇)

ခွေးဟောင်သံများနှင့်အတူ အောင်ဗလတို့ ရွာအတွင်းသို့ ဂျပန်များ ဝင်ရောက်လာသည်။

ဂျပန်များနှင့်အတူ စကားပြန် ဦးဘဒင်လည်း ပါလာသည်။ ထုံးစံအတိုင်းပင် တစ်ကိုယ်လုံး စုတ်ပြတ်ပေကျံနေသော တော်လှန်ရေးသမားတစ်ဦးကို လက်ပြန်ကြိုးတုပ်၍ ခေါ်လာသည်။ ဂျပန်များသည် သူကြီးအမား မောင်းထု၍ လူစုစေသည်။

ရွာသူရွာသားများ တော်တော်လေး စုံလင်လောက်သောအခါ စောစောက ပြောသော တော်လှန်ရေးသမားကို ဦးဘဒင်ကိုယ်တိုင် သေနတ်ဖြင့် ပစ်သတ်ပြလိုက်သည်။ (ရွာလယ်ခေါင်မှာ)

"အစ်ကို"

မြမေ စူးရှကျယ်လောင်စွာ ငိုကြွေးလိုက်သံသည် တစ်ရွာလုံး ညံသွားသည်။

ဩော်. . ကိုကြီးသာဒင် အသတ်ခံရပြန်ပြီကော။

အရက်ခိုးဝေပြီး ဒယိမ်းဒယိုင်ဖြစ်နေသော ဦးဘဒင်သည် ရွာသူရွာသားများဘက်သို့ လှည့်ပြီး ကြိမ်းမောင်းလိုက်သည်။

www.burmeseclassic.com

 www.burmeseclassic.com 

"အဲဒါပဲ မှတ်ထားကြ၊ မာစတာတွေကို ဆန့်ကျင်တဲ့ လူမှန်သမျှ ဒီလမ်း လိုက်ရမယ်၊ တို့ကတော့ သူပုန်တွေကို မိလာရင် ချက်ချင်းမသတ်ဘူး၊ သူနေတဲ့ရွာမှာ ပြန်ပြီး အားလုံးမှတ်လောက်အောင် သတ်ပြတယ်"

ထိုအချိန်တွင် မျှော်လင့်သော ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာသည်။ ရွာသူရွာသားများထဲမှ မည်သူမျှ မလုပ်ဝံ့သော အလုပ်ကို မြမေ လုပ်ချေပြီ။

အားလုံး ငြိမ်သက်တိတ်ဆိတ် တွေဝေနေချိန်ကလေးတွင် မြမေသည် သူ့အစ်ကို ကိုကြီးသာဒင်၏ အလောင်းကို တစ်ချက်မျှ ကြည့်၏။ ကိုယ်ငွေ့မသေသေးသော အလောင်းပူပူနွေးနွေးကို ဦးသုံးကြိမ်ချ ကန်တော့၏။ ထို့နောက် သူ့အိမ်ထဲသို့ အေးအေးဆေးဆေးပင် ပြန်ဝင်သွား၏။

ထင်းခုတ်ရာတွင် အသုံးပြုသော ဓားရှည်မကြီးကို ကြန္တေရရ ဆွဲတက်လာ၏။

မိမိဝတ္တရား ကုန်ဆုံးပြီးဖြစ်သည်မို့ ဂျပန်များနှင့် အေးအေးဆေးဆေး စကားပြောနေသော ဦးဘဒင်နောက်ကျောသို့ လှစ်ကနဲ ပြေးကပ်လိုက်သည်။

မြမေသည် အားလုံး အံ့အားသင့် ငေးမောနေကြစဉ်မှာပင် သူ့ရှိသမျှ အားကလေးနှင့် ဦးဘဒင်၏ ဇက်ပိုးကို တအားလွှဲ၍ ပိုင်းချလိုက်သည်။

မြမေ၏ ထင်းခုတ်သော ဓားမသည် ဂျပန်စကားပြန် ဦးဘဒင်၏ ပခုံးတွင် တန်းလန်းကြီး စိုက်ကျသွားသည်။

"ဟယ်" ဟူသော အာမေဋိတ်သံများ ထွက်ပေါ်လာသည်။ ဂျပန်စစ်သားများသည် မြမေအနီးသို့ ပြေးကပ်လာကြသည်။

ဦးဘဒင်သည် ရုတ်တရက် မိုက်ကနဲ ဖြစ်သွားသော်လည်း ချက်ချင်း သတိထားမိသည်နှင့် မြမေကို ဖျတ်ကနဲ လှည့်ကြည့်လိုက်သည်။ တစ်ဆက်တည်းမှာပင် ဝန်းရံလာသော ဂျပန်များကို လက်ကာတားလိုက်

www.burmeseclassic.com

သည်။ ပခုံးပေါ်တွင် ဓားမကြီး တန်းလန်းနှင့် ဖြစ်နေသော ဦးဘဒင်သည် လုံးစ နာကျင်ဟန်မပြ၊ အမျိုးအမည်မဖော်ပြနိုင်သော အကြည့်နှင့်သာ မြမေကို ကြည့်လိုက်သည်။

ငှက်ကလေး ကြွက်ကလေးများကိုပင် မသတ်ဖူးသော မြမေသည် မိမိ၏လုပ်ရပ်အတွက် ငေးကြောင်ကြောင် ဖြစ်နေရှာသည်။

အရေးကြီးသော အချက်တစ်ချက်ကို ဖော်ပြရပါမူ ထိုအချိန်တွင် ဦးဘဒင်၏ စူးရှတောက်ပြောင်သော အကြည့်သည် မြမေ၏ရင်တွင်းသို့ မြွေလိမ် တီလိမ် တိုးဝင်သွားဘိသကဲ့သို့ မြမေ၏အကြည့်သည်လည်း ဦးဘဒင်၏ ရင်တွင်းသို့ စောစောက ဓါးမချက်ထက် ပြင်းထန်စွာ စိုက်ဝင်သွားသည်။

ဤလောက၌ ထူးဆန်းသောအရာတို့သည် ပြည့်နှက်နေကြသည်။

ရွာဦးကျောင်းဆရာတော်၏ အဆိုအမိန့်နှင့်မူ နာနာဝိစိတ္တရလောကော-

ကြည့်လေ. .

ဦးဘဒင်နှင့် မြမေတို့သည် တစ်ယောက်ကိုတစ်ယောက်. .

အဲ. . တစ်ယောက်မျက်လုံး တစ်ယောက် အတန်ကြာအောင် စိုက်ကြည့်နေမိကြလေသည်။

မြမေသည် မြွေအညှို့ခံရဘိသကဲ့သို့ မလှုပ်မယှက် ရှိနေသည်။

ဦးဘဒင်သည်လည်း ထန်းရည်အရက်ထက် ယစ်မူးဖွယ်ကောင်းသော အလှတရားကို တစ်သက်နှင့်တစ်ကိုယ် ပထမဦးဆုံးအကြိမ်အဖြစ် ခံစားမွေ့လျော်လိုက်ရသည်။

အမှတ်မထင်ဖြစ်ရပ်တစ်ခု ထပ်မံဖြစ်ပေါ်လာလေသည်။ ပခုံးတွင် ဓားမတန်းလမ်း စိုက်လျက်သားကြီးနှင့် ဦးဘဒင်သည် မြမေကို လက်သြန် တစ်ချက် ရိုက်ချပစ်လိုက်သည်။

မြမေသည် မြေပေါ်သို့ မိုက်ကနဲ ပုံကျသွားသည်။

ထိုတစ်ချက်တည်းနှင့်ပင် လောကကြီးသည် မှောင်အတိကျသွား

www.burmeseclassic.com

ဘီသကဲ့သို့ မြမေ ခံစားလိုက်ရသည်။

ဦးဘခင်သည် သတိလစ်လွတ် ဖြစ်နေရှာသော မြမေကို စွေ့ကနဲ ပွေ့ယူလိုက်သည်။ မြင်းပေါ်သို့ အလျားလိုက် မှောက်တင်လိုက်သည်။ သူကိုယ်တိုင်လည်း မြင်းပေါ်သို့ တက်လိုက်သည်။

× × × × ×

ပါးရိုးပါးရင်းဆီမှ ကြိမ်းစပ်စပ် ဝေဒနာနှင့်အတူ မြမေ လူးလဲ နိုးထလာချိန်တွင် သူ ခုတ်လိုက်သောကြောင့် စိုက်နေသော ဓားမကြီးကို ဦးဘခင်သည် ဂျပန်တစ်ယောက်နှင့်အတူ ဆွဲဖြုတ်နေကြောင်း တအံ့တသြ တွေ့လိုက်ရသည်။

ထိုနေရာသည် ဘယ်နေရာမှန်း မြမေ မသိ။ သူမရောက်ဖူးသော တောစပ်ကလေးတစ်ခုပင် ဖြစ်သည်။

သတိဝင်လာလျှင် ဝင်လာချင်း မြမေသည် ဦးဘခင်အနီးသို့ လျှောက်လာခဲ့သည်။ သူ့ကို ပြုံးထေ့ထေ့ ကြည့်နေသော ဦးဘခင်၏ မျက်နှာသို့ ပက်ကနဲ တံတွေးဖြင့် ထွေးလိုက်သည်။ ဦးဘခင် ဣန္ဒြေမပျက် ပင် တံတွေးကို သုတ်ပစ်လိုက်သည်။

သူ၏ဒဏ်ရာကို တွေ့ကရာအဝတ်ဖြင့် ပတ်တီးစည်းပြီးသည့် နောက် မြမေအနီးသို့ လျှောက်လာသည်။

ဦးဘခင်၏ မျက်လုံးကြီးများသည် မြမေကို ငေးကြောင်ကြောင် ဖြစ်သွားစေပြန်သည်။

အမှတ်မထင်ကလေးမှာပင် ဦးဘခင်၏ အလွန်ပြင်းထန်သော လက်ဝါးသည် မြမေပါးပေါ်သို့ ပူကနဲကျလာပြန်သည်။

မြမေ သတိလစ်သွားပြန်၏။

သို့သော် သတိလစ်ခြင်း ဟူသည်မှာ သေဆုံးခြင်း မဟုတ်သော ကြောင့် ထို သတိလစ်နေစဉ်အချိန်အတွင်း စိတ်ကူးအိပ်မက်များ ဖြစ်ပေါ် လာတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပါးရိုက်ခံလိုက်ရပြီးသည့်နောက် ရှေ့လျှောက် ဘာတွေ ဖြစ်သည်ကို မသိသော်လည်း သူ၏အိပ်မက်ထဲ၌မူ ဦးဘဒင်၏ ကြမ်းတမ်းလှစွာသော အပြုအမူ၊ အကြောက်အလန့်ကင်းမဲ့သော မျက်နှာထား၊ ဟိုး ရင်ခေါင်းထဲအထိ စူးဝင်နစ်မြုပ်သွားစေနိုင်သော အကြည့်ရှိသည့် မျက်လုံးရွဲကြီးများကို မြင်မက်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၈)

ဦးဘဒင်နှင့် မြမေတို့ နှစ်ဦးသဘောတူ နှစ်ဘက်မိဘများ ရပ်ရွာလူကြီးများ သဘောတူ စေ့စပ်ကြောင်းလမ်း ထိမ်းမြားလက်ထပ်ပြီ ဆိုသော သတင်းသည် တောမီးပမာ ပျံ့နှံ့သွားပြီဖြစ်သောကြောင့် တောထဲတွင် ပုန်းနေသော တော်လှန်ရေးသမား အောင်ဗလထံသို့လည်း သတင်းအငွေ့အသက် ရောက်ရှိလာလေသည်။

နံပါတ်တစ် ဆွေးရ၏။

နံပါတ်နှစ် အံ့ဩရ၏။

နံပါတ်သုံး ဒေါသဖြစ်ရ၏။

ဤမှလောက်သာ ပြောပြလိုက်လျှင် အောင်ဗလ၏ ခံစားမှုအတိုင်းအတာကို နားလည်နိုင်လောက်ကြပါပြီ။

× × × × ×

အမှန်က ဤသို့ ဖြစ်ရခြင်းဖြစ်၏။ မြမေသည် အောင်ဗလ၏ ချစ်ပါသည်။

သို့သော် လူငယ်တို့ သဘာဝ စိတ်ကူးလွန့် လှုပ်ရှားခြင်း လွမ်းမောဖွယ်ကောင်းသော အရာများကို ခံစားရခြင်း၊ ငယ်သူငယ်ချင်းအဖြစ်မှ တစ်ဆင့်တက်၍ သံယောဇဉ်ငြိတွယ်လာခြင်း စသော ဂုဏ်းစံအတိုင်း ချစ်ခြင်းမျိုးဖြင့် ချစ်ခဲ့ခြင်း ဖြစ်၏။

www.burmeseclassic.com

မြမေသည် ဦးဘဒင်ကဲ့သို့ ရှန့်ရှင်း ကြမ်းတမ်းခြင်း၊ ပြဿနာ တစ်ခုကို ကွေ့ဝိုက်မနေဘဲ တိုက်ရိုက်ဆုံးဖြတ်တတ်ခြင်း၊ သတ္တိကောင်း ခြင်း၊ မိန်းမပဟူသမျှကို ဤလောက၌ ရှိသူဟုမထင်ဘဲ ဥပေက္ခာပြုနိုင်ခြင်း စသော ယောက်ျားကြမ်းတို့၏ အလေ့အထကို မကြုံဖူးခဲ့ရှာပေ။

ရှင်းပါသည်။

ထိုအခါ မြမေသည် ဦးဘဒင်လို လူတစ်ယောက်နှင့် ရင်နှီးကျွမ်း ဝင်သွားရသည်မှာ ဆိုပါစို့။ ချစ်မိသွားသည်မှာ မဆန်းတော့ပါ မဟုတ် လား။

× × × × ×

အောင်ဗလသည် သူ့လက်ထဲက သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ခြင်း မပြုပါ။ ပေါ့ပေါ့ပါးပါး ပွယောင်းယောင်းသာ ကိုင် ထားသည်။

ဒါပေါ့၊ သေနတ်သမားကောင်းတို့မည်သည် သေနတ်ကို ကျစ် ကျစ်ပါအောင် ဆုပ်မထားတတ်ကြပါ။

ကျွမ်းကျင်သူတို့သည် မိမိ၏လုပ်ရပ်ကို ကိုယ်ရောစိတ်ပါ ပေါ့ပါး စွာ အသုံးချတတ်သည် မဟုတ်လား။

နောက်တစ်ကြောင်းမှာ အောင်ဗလသည် ယခုအခါတွင် သွေး ဆူတတ်စ တော်လှန်ရေးသမားကလေး မဟုတ်တော့ဘဲ ရင့်ကျက်ပြီး ဖြစ် သော တော်လှန်ရေးသမားအဖြစ်သို့ ရောက်နေလေပြီ။

ထို့ကြောင့်ပင်လျှင် တစ်စုံတရာ လုပ်တော့မည်ဆိုလျှင် အလေး အနက် သူ စဉ်းစား၏။ သည်ကိစ္စနှင့် ပတ်သက်၍ သူစဉ်းစားခဲ့သည်မှာ အချိန်ကာလ တစ်ပတ်မျှ ကြာသွားလေပြီ။

"ကျွန်တော့်ကို သုံးရက်လောက် ခွင့်ပေးပါ ဗိုလ်ကြီး"

သူတို့စခန်းမှူး သခင်အောင်ထံသို့ အခွင့်တောင်းလိုက်သည်။

"ရပါတယ် အောင်ဗလရဲ့၊ ဘာကိစ္စများလဲ၊ ထူးထူးခြားခြားပါလား"

www.burmeseclassic.com

 www.burmeseclassic.com 

"ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စလေးပါ ဗိုလ်ကြီး"

သခင်အောင်သည် သူ၏ နှာခေါင်းနှင့် နှုတ်ခမ်းကြားတွင် ထူးထူးခြားခြား ရှိနေသော မှဲ့ကြီးနှင့် မှဲ့မွေးများကို ပွတ်သပ်လိုက်ရင်း ခေါင်းဆောင်ကောင်းပီသစွာ ပြုံးလိုက်သည်။

"ဘယ်နေ့သွားမှာလဲ အောင်ဗလရဲ့"

"နက်ဖြန်သွားချင်တယ် ဗိုလ်ကြီး"

"ကောင်းပြီလေ၊ သွားတာတော့ သွားပေါ့၊ ဒါပေမယ့် သတိဝီရိယထား၊ တော်လှန်ရေးစိတ် မပျောက်စေနဲ့၊ စခန်းကို ကိစ္စပြီးပြီးချင်း အမြန်ဆုံးရောက်အောင် လာခဲ့၊ တရားဝင် ဖက်ဆစ်တော်လှန်ရေး စခါနီးပြီဆိုတာလဲ မင်း အသိသားပဲကွာ၊ ဗိုလ်ချုပ်ရဲ့ အမိန့်ကို သွေဖီရာမရောက်ဖို့၊ မလေးစားရာ မရောက်ဖို့ တို့ တော်လှန်ရေးသမားတိုင်းမှာ အရေးကြီးတယ်ဟေ့"

"ကျွန်တော် သဘောပေါက်ပါတယ် ဗိုလ်ကြီး"

"အေး. . အေး ဘေးမသီ ရန်မခဖို့ ငါ ဆုတောင်းလိုက်ပါတယ်၊ ငါသင်ပေးထားတဲ့ ဗုဒ္ဓါနံ့ ဇီဝိတသ နသက္ကကေနစိ အန္တရာယော ကာတုံ တတ္ထာမေ ဟောတု ဆိုတဲ့ ဂါထာလေးကိုလည်း မပြတ်ရွတ် ကြားလား"

တော်လှန်ရေးသမားများပင် ဖြစ်သော်လည်း မြန်မာတော်လှန်ရေးသမားများဖြစ်ကြသောကြောင့် ဗုဒ္ဓ၏တရားတော်ကို မမေ့ကြချေ။

မြတ်စွာဘုရား၏ အသက်အန္တရာယ်ကို တစ်စုံတစ်ယောက်သည် ပြုချင်းငှာ မစွမ်းနိုင်ဘိသကဲ့သို့ ကျွန်ုပ်အားလည်း ထို့အတူ ဖြစ်ပါစေကုန်သတည်း. . ဟူသော အဓိပ္ပါယ်ရသည့် အထက်ပါဂါထာကို ရွတ်ဆိုရင်း အောင်ဗလသည် ဦးဘခင်ရှိရာသို့ အန္တရာယ်များကို အန်တုရင်း ထွက်လာခဲ့လေသည်။

တစ်နည်းအားဖြင့် ချစ်သော မြမေ ရှိရာသို့. . ။

× × × × ×

www.burmeseclassic.com

 www.burmeseclassic.com 

ဦးဘဒင်၏ အိမ်ကလေးသည် ဟိုတစ်ကြိမ် သူရောက်ခဲ့တုန်းကထက် ပို၍ သားသားနားနား ရှိလာသည်ကို တွေ့ရလေသည်။ ဟိုတစ်ခါကလို တံခါးများကို အလုံပိတ်ထားခြင်း မရှိ၊ လင်းလင်းချင်းချင်း၊ လွတ်လွတ်လပ်လပ် ဧည့်သည်မျှော်နေသော အိမ်ကလေးပမာ တည်ရှိနေလေသည်။

အိမ် ဟူသည်မှာ 'အိမ်ရှင်မ' ရှိမှလည်း တင့်တယ်တတ်သည် မဟုတ်လား။

ဩော်. . မြမေလို 'အိမ်ရှင်မ' ကောင်းတစ်ယောက် ရှိနေမှတော့ ဦးဘဒင်၏ အိမ်သည် သီရိကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေတော့မည်ပေါ့။

အောင်ဗလသည် မချိပြုံး တစ်ချက်ပြုံးရင်း ခြံဝအတွင်းသို့ မြင်းကို စွေ့ကနဲ ကွေ့ဝင်လိုက်သည်။ မြင်းဟီသံနှင့်အတူ အိမ်တံခါးမကြီးဆီမှ မိန်းမပျိုတစ်ယောက် မျက်ကလဲဆန်ပျာ ထွက်ကြည့်သည်။

လုံမပျိုသည် အောင်ဗလကို မြင်လျှင်မြင်ချင်း မှတ်မိလိုက်ပါသည်။

အောင်ဗလကလည်း မှတ်မိလိုက်ပါသည်။ မြမေ လှနေတုန်းပါလား။

တစ်ယောက်နှင့်တစ်ယောက် တော်တော်နှင့် စကားမပြောဖြစ်ကြ။

အိမ်ထောင်ရှင်တစ်ယောက် ဖြစ်နေသော မြမေသည် ငယ်ချစ်ကို တွေ့ရသည်၌ ရှက်ရွံ့အားနားသည်ကတစ်ပိုင်း. . အိမ်ရှင်တစ်ယောက် အနေနှင့် ဧည့်သည်ကို နေရာထိုင်ခင်း ပေးရသည်က တစ်ပိုင်းမို့ အောင်ဗလအတွက် ဖျာတစ်ချပ် ခင်းပေးလိုက်သည်။

အရင်ကလိုမဟုတ်ဘဲ တည်ငြိမ်ရင့်ကျက်သောအသွင် ရှိနေသော အောင်ဗလ၏ မျက်နှာကိုလည်း နှစ်ခါသုံးခါမျှ ခိုးကြည့်လိုက်သည်။

အောင်ဗလကတော့မူ မြမေကို စူးစူးရဲရဲပင် ကြည့်လေသည်။ ကိုယ့်ဘက်၌ လုံးဝအပြစ်ရှိသူတို့၏ သဘာဝအတိုင်းပင် ဖြစ်ပါသည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com


ကျတော့ အောင်ဗလသည် ယခုအချိန်တွင် တော်လှန်ရေးသည် တစ်။

ဖခင်အတွက် လက်စားချေ လိုခြင်းသည် နှစ်။

မြမေ သို့မဟုတ် ချစ်သူ သုံး။

"မြမေ နေကောင်းလား"

ခေါင်းညိတ်သည်။

သို့သော် ညိတ်လိုက်သော မြမေ၏ခေါင်းသည် ပြန်ထောင်မလာတော့။ မြမေ၏ကျောကုန်းသာလျှင် တသိမ့်သိမ့် တုန်လာသည်။

ရှက်ကြောက်ဝမ်းနည်းခြင်းမှ ဖြစ်ပေါ်လာသော မျက်ရည်တို့သည် သာလျှင် ဖျာပေါ်သို့ တစ်ပေါက်ပေါက် ကျလာသည်။

"ငါ့ကို ခွင့်လွှတ်ပါ အောင်ဗလရယ်"

"အပြစ်မရှိရင် ခွင့်လွှတ်စရာမလိုဘူးတဲ့၊ ဆရာတော်က သင်ပေးဖူးတယ် မြမေ"

သူတို့နှစ်ယောက်သည် အတန်ကြာမျှ စကားမဆိုဘဲ နေကြသည်။ နည်းနည်းကလေး နေသားထိုင်သားကျလာတော့မှ မြမေက မထိတ်သာ မလန့်သာ မေးလိုက်သည်။

"နင် ဟိုမှာပဲလား"

"အေး. . လွတ်လပ်ရေး မရမချင်း ငါ တော်လှန်ရေးသမား ဖြစ်နေဦးမှာပဲ"

"ငါ မလိမ်ပါဘူး အောင်ဗလရယ်. . နင့်အတွက် ငါ စိုးရိမ်နေပါတယ်"

"မလိုပါဘူး မြမေရယ်၊ ငါဟာ အခုဆိုရင် လေထဲမှာ ပျံသွားတဲ့ ငှက်ကိုတောင် ထိအောင်ပစ်နိုင်တဲ့ သေနတ်သမားတစ်ယောက် ဖြစ်နေပြီ၊ ငါ့မှာ အခု သေနတ်နှစ်လက် ပါတယ်။ ကျည်ဆံ ဖြည့်ပြီးသား၊ ဒီတော့ အဆင်သင့်ပစ်ဖို့ ကျည်ဆံ ၁၂ တောင့်ရှိတယ်၊ ဦးဘဒင်နဲ့ လူ ၁၂ ယောက်ကိုတော့ ငါ မမှုဘူး"

"နင် ဘာကိုဆိုလိုတာလဲ အောင်ဗလ"

www.burmeseclassic.com

 www.burmeseclassic.com 

"ဩော်. . ငါတို့ ဂျပန်တော်လှန်ရေးသမားတစ်ယောက်ဟာ ဂျပန်အလိုတော်ရိ ဆယ့်နှစ်ယောက်ကို မကြောက်ဘူးလို့ ဆိုလိုတာ"

"ဒါပေမယ့် အောင်ဗလရယ်. . အခု အစ်ကိုကြီးဟာ. ."

"ဘာ. . ဘာ. . ဘာပြောလိုက်တယ်၊ အစ်ကိုကြီး ဟုတ်လား"

"ဟုတ်တယ်၊ ငါ သူ့ကို အစ်ကိုကြီးလို့ ခေါ်တယ်"

"အေး. . အေး. . အဲဒီ နင့်အစ်ကိုကြီး ဘာဖြစ်သလဲ"

"သူ အခု ဒီအလုပ်တွေ မလုပ်တော့ပါဘူး"

"ဘာအလုပ်တွေကို ပြောတာလဲ"

"ဂျပန်စကားပြန်အလုပ်ကို သူ လုံးဝမလုပ်တော့ဘူး၊ ဂျပန်တွေနဲ့လည်း မပတ်သက်တော့ဘူး၊ ရိုးရိုးကုန်သည်အလုပ်ကို လုပ်နေပါပြီဟာ"

"ဘာလဲ. . တော်လှန်ရေးရဲ့ အောင်မြင်မှုကို မြင်လို့ လက်ရှောင်တာလား၊ ဟုတ်လား"

"ဒါတွေ မပြောပါနဲ့တော့ အောင်ဗလရယ်၊ နင် အခုလာတဲ့ကိစ္စ"

အောင်ဗလသည် ဦးဘဒင်နှင့် ပတ်သက်သော သေနတ်ကြွေးပာစ်ချက်အကြောင်း မြမေအား ပြောသင့် မပြောသင့် စဉ်းစားလိုက်သည်။

တကယ်တော့မူ မြမေ၏ ခိုင်မာနေပြီဖြစ်သော အိမ်ထောင်ရေးကို ဖျက်ဆီးရမှာ သူ စိတ်မလုံမလဲ ဖြစ်နေသည်။

ဩော်. . အချစ်. . ။

ထိုစဉ်မှာပင် အိမ်ရှေ့တံခါးပေါက်ဆီမှ ဦးဘဒင် ဝင်လာလေသည်။

ပထမတော့ ဦးဘဒင်သည် မယုံသင်္ကာမျက်လုံးဖြင့် ကြည့်နေ၏။

အိမ်မှင်ပိပိ အနီးတွင် ထိုင်နေရင်း အောင်ဗလကို ညွှန်ဝတ်ပြုလိုက်ကာမှ. .

"ကျွန်တော့်ကို ကောင်းကောင်းမှတ်မိပါတယ်နော် ဦးဘဒင်"

မီးခိုးရောင်များ မသိမသာ သန်းနေပြီဖြစ်သော ဆံပင်ကိုပွတ်သပ်ရင်းက မှုန်တိမှုန်ဝါးအကြည့်ဖြင့် အောင်ဗလကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"သာယာကုန်းရွာက ဦးအောင်ဘညိုရဲ့သား အောင်ဗလပါခင်ဗျာ"

"ဘာကိစ္စများလဲကွယ့်"

"တခြား ဟုတ်ပါရိုးလားဗျာ၊ ကျွန်တော့်အဖေနဲ့ ပတ်သက်လို့ သေနတ်ကြွေးတစ်လက် ဦးအပေါ်မှာ တင်နေတာလေ မမှတ်မိတော့ဘူးလား"

ဦးဘဒင်သည် မျက်မှောင်တစ်ချက်ကုတ်၍ စဉ်းစားလိုက်သည်။

"ဩော် ဟော. . ဟော. . အေး. . အေး မှတ်မိပြီ၊ မှတ်မိပြီ"

ထို အေး. . ဟော. . ဟော နှင့်အတူ ဦးဘဒင် ပါးစပ်မှ အရက်နံ့သည် ထောင်းကနဲ ထွက်လာ၏။ ပြီးတော့ ထိုကိစ္စနှင့်ပတ်သက်၍ ထိတ်လန့်တုန်လှုပ်ဟန် သူ့မျက်နှာတွင် လုံးဝမရှိ။ ထိုအချင်းအရာအတွက် ထိတ်လန့်တုန်လှုပ်ရသူမှာ အောင်ဗလသာတည်း။

"မင်း လာမယ် လာမယ်နဲ့ ကြာလွန်းလို့ကွာ၊ ငါတောင် မေ့နေတယ်၊ ကိုင်း. . အခုပစ်မှာလား၊ နည်းနည်းတော့ အချိန်ပေးကွာ၊ ငါ့မိန်းမအတွက် ငွေရေးကြေးရေး လုပ်ငန်းကိုင်ငန်းတွေ စီစဉ်ပေးခဲ့ချင်လို့"

ဦးဘဒင်၏ အမူအရာသည် တကယ်ပင် ထိတ်လန့်မှု ကင်းမဲ့နေသည်။ ဟန်ဆောင်ခြင်း လုံးဝမရှိ။

အောင်ဗလသည် သူ့တစ်သက်နှင့်တစ်ကိုယ် ဤမျှ ကတိတည်ပြီး သတ္တိကောင်းသော လူတစ်ယောက်ကို မတွေ့ဖူးသေးချေ။

မြမေသည် အောင်ဗလ၏ လက်မောင်းကို သူ့ယောကျ်ားရှေ့မှာတွင်ပင် ဆွဲကိုင်၍ ငိုယိုတောင်းပန်ရှာသည်။

"အောင်ဗလရယ်. . ပြီးတာတွေ ပြီးပါစေတော့၊ မုန်းစကို တိုးပဲ့ မဟုတ်လား"

ထိုအချိန်တွင် ဦးဘဒင်သည် မြမေကို လှမ်းငေါက်လိုက်သည်။

"မြကလေး ကိုယ့်နေရာကိုယ်နေစမ်း၊ ဒါ ငါ့အလုပ်၊ ငါ့ကတိ၊ ကဲ-မောင်ရင် ခဏလေးစောင့်နေဦး၊ ပြီးတော့မှ အေးအေးဆေးဆေး ပစ်တာ

www.burmeseclassic.com

www.burmeseclassic.com


ပေါ့ကွာ"

တော်လှန်ရေးသမားကောင်းတစ်ယောက်ဖြစ်သော အောင်ဗလသည် ဤမျှ ကတိတည်ပြီး သတ္တိကောင်းသော လူတစ်ယောက်ကို ပစ်သတ်ရမှာ ခက်သွားလေသည်။

ထိုင်ရာမှ ဆတ်ကနဲ ထလိုက်သည်။

မြမေကို သူ လုံးဝမကြည့်တော့၊ ဦးဘဒင်ကိုသာ ပြုံးထေ့ထေ့ကြည့်လိုက်သည်။

"ကျွန်တော်ဟာ ငွေတိုးချေးစားတတ်တဲ့လူ မဟုတ်တဲ့အတွက် အတိုးမယူပါဘူး ဦးဘဒင်၊ ဒီကျည်ဆံတစ်တောင့်အကြွေးကိုလဲ ခု ပြန်မယူသေးဘူး၊ တစ်နေ့နေ့တော့ တွေ့ကြသေးတာပေါ့ဗျာ"

အောင်ဗလ ထပြန်လာခဲ့သည်။ အရက်မူးသံကြီးနှင့် ရယ်လိုက်သော ဦးဘဒင်၏ အသံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၉)

သကလ ဝဋ္ဋဒုက္ခ နဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာ ဇေထမံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဇေတံ ကာသာဝံ ဒတွာ ဇေထ မံဘန္တေ အနုကမ္ပံ ဥပါဒါယ။

သင်္ကန်းတောင်း ဆိုလိုသည်မှာ တစ်စုံတစ်ယောက်သည် ရဟန်းဘောင်သို့ ဝင်ရန် ပထမအဆင့်အဖြစ် ကိုရင်ဝတ်ရသည်။

ကိုရင်ဝတ်မည်ဆိုသောအခါ နီးစပ်ရာ ဘုန်းတော်ကြီးကျောင်း၌ အထက်ပါ ဂါထာကို ရွတ်ဆို၍ သင်္ကန်းတောင်းရသည်။

ထိုအခါမှ သက်ဆိုင်ရာ ဆရာတော်က သင်္ကန်းကို မောင်ရင်လောင်းအား ပေးလေသည်။ မြန်မာတို့၏ သာသနာ့ယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်လေသည်။

များသောအားဖြင့် ကိုရင်လောင်း ရှင်လောင်းတို့သည် ရှင်ပြုမည့်နေ့ကျခါမှ သက်ဆိုင်ရာ ဆရာတော်ကျောင်းတွင် ဆရာတော် ချပေးသည့်အတိုင်း လိုက်ဆိုရင်း သင်္ကန်းတောင်းတတ်ကြသည်။

သို့သော် အလွန်မြန်မာဆန်သော လူများကမူ မိမိတို့၏ သားများကို စကားတတ်စ အရွယ်ကတည်းကပင် သင်္ကန်းတောင်းပါဠိကို သင်ပေး

www.burmeseclassic.com

www.burmeseclassic.com


ထားတတ်ကြသည်။ ရှင်ပြုသည့်နေ့တွင် မောင်ရင်လောင်းသည် ဆရာတော်၏ရှေ့၌ သက်န်းတောင်းဂါထာကို မိမိဘာသာ ရွတ်ဆိုတတ်ကြသည်။

ထိုအခါ ထိုမောင်ရင်လောင်းကို အားလုံးက ချီးကျူးထောမနာပြုကြ၏။

'တယ်တော်တဲ့ ကလေးပါလား' စသဖြင့်. .

× × × × ×

စောစောကပြောခဲ့သော သင်္ကန်းတောင်း ဂါထာကို ဦးဘဒင်သည် သူ၏သားကလေး မြဒင်အား နှုတ်တိုက် (မပီကလာပီကလာ) သင်ကြားပေးနေသည်။

အချိန်သည်ကားဟုဆိုလျှင် မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးခါစ

ဂျပန်တို့ ခြေလွတ်လက်လွတ် ထွက်ပြေးခဲ့ရလေသည်။ မဟာမိတ်ဘပ်များ မြန်မာနိုင်ငံတွင် ပြန်ဝင်လာသည်။ တော်လှန်ရေး အရှိန်အဟုန်သည်လည်း မပျက်ခဲ့။

ထို့နောက် အင်္ဂလိပ်တို့သည် သူတို့၏ ယူနီယံဂျက်အလံကို မြေသို့ချပြီး မြန်မာနိုင်ငံတော်အလံကို လွှင့်ထူပေးလိုက်ရလေတော့သည်။

ပြောက်ကျားတော်လှန်ရေးမှ တရားဝင်တော်လှန်ရေး၊ ထိုမှ လွတ်လပ်ရေးကာလ ထို့နောက် ကွန်မြူနစ်တို့ ောကခိုသောကာလ စသောလေးငါးနှစ်အတွင်း ဦးဘဒင်သည် သူ့လင်သားမယား (မြမေနှင့် ကလေးတစ်ယောက် ရထားသည်) နှင့် ကောင်းရောင်းကောင်းဝယ်သာ လုပ်ကိုင်စားသောက်နေခဲ့၏။ အရင်ကလို ယစ်ထုပ်ကြီး မဟုတ်တော့ပါ။ ဂျပန်အလိုတော်ရိ လူဆိုးသူဆိုးကြီးလည်း မဟုတ်တော့ပါ။

တစ်ကိုယ်ရေ တစ်ကာယသမား မဟုတ်တော့သည့်သဘာဝအတိုင်း သံယောဇဉ်ကြိုးတို့၏ ဆွဲငင်ရာသို့ ကောက်ကောက်ပါနေရရှာသည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးဘဒင်သည် မြမေနှင့်ရသော သားကလေးမြဒင်ကို သူ့အသက်ထက်မက ချစ်ရှာသည်။ ထို့ကြောင့်ပင်လျှင် မြဒင်အား အရွယ်မတိုင်ခင်မှာ ရှင်ပြုပေးဖို့ သူကြိုးစားခြင်းဖြစ်သည်။ မောင်မြဒင်၏ အသက်သည် ယခုမှ ငါးနှစ်အတွင်း ဝင်ခါစ ရှိသေးသည်။

ယခုလည်း နက်ဖြန်ခါ မောင်မြဒင် ကိုရင်ဝတ်ရန်အတွက် စောစောက ပြောသော သက်န်းတောင်းဂါထာကို ကိုယ်တိုင် နှုတ်တိုက် သင်ကြားပေးနေခြင်း ဖြစ်သည်။

ထိုအချိန်ကလေးမှာပင် အိမ်ရှေ့သို့ မြင်းတစ်စီးဖြင့် လူရွယ် တစ်ယောက် ရောက်ရှိလာသည်။

အောင်ဗလ။

အောင်ဗလသည် ဖွဲ့သတ္တိအကောင်းဆုံး တော်လှန်ရေးသမားဟု သူတို့အသိုင်းအဝိုင်းက ကင်ပွန်းတပ်ခံရသူဖြစ်သည်။ တော်လှန်ရေးပြီးတော့ သူ ဗိုလ်ကြီးအဆင့်သို့ ရောက်နေလေပြီ။

နိုင်ငံရေးအတွေးအခေါ်များလည်း တော်တော်တန်တန်ရှိနေပြီ။

လွတ်လပ်ရေး ရပြီးသည့်နောက် တပ်မတော်သို့ ဝင်ရောက် အမှုထမ်းရန် စိတ်ကူးခဲ့သော်လည်း သူကြီးသမီး လွင်စန်းယဉ်နှင့် အခြေအနေအရ အိမ်ထောင်ကျခြင်း စသော လူမှုကိစ္စများကြောင့် တောမှာပင် အခြေချခဲ့သည်။

ဖွဲ့ကောင်းသော အောင်ဗလသည် အချိန်ကောင်းကို အေးဆေးစွာစောင့်နေနိုင်ခဲ့သည်။

ဦးဘဒင်နှင့် မြမေတို့၏သားကလေး မြဒင်ကို ရှင်ပြုတော့မည်ဟူသော သတင်းသည် အောင်ဗလအတွက် အနှစ်နှစ်အလလ မျှော်လင့်ခဲ့သော ဆန္ဒကို ဖြည့်စွမ်းရန် ဖြစ်လာလေတော့သည်။

နက်ဖြန်ခါဆို ရှင်ပြုဆိုလျှင် ဒီနေ့လို ဖြစ်သောနေ့၌ အောင်ဗလသည် သူ၏လက်စွဲတော် ခြောက်လုံးပြူးသေနတ်နှင့်အတူ ဦးဘဒင်ထံသို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

www.burmeseclassic.com

 www.burmeseclassic.com 

အိမ်တွင်းသို့အောင်ဗလလှမ်းဝင်လိုက်သောအခါ သားကို သက်န်းတောင်း သင်ပေးနေသော ဦးဘဒင်၏ မျက်နှာပေါ်မှ အရေးအကြောင်းတွေသည် ပို၍တွန့်ရှုပ်သွားကြလေသည်။ ဟိုတစ်စသည်တစ်စ ဖြူရော်နေပြီဖြစ်သော ဆံပင်တို့သည် ဖွေးဖွေးလှုပ်သွားသလို ထင်လိုက်ရသည်။ နှစ်အတန်ကြာ ကွာခြားသွားပြီဖြစ်သော်လည်း ဦးဘဒင်သည် အောင်ဗလကို လျှပ်တပျက်အတွင်းမှာပင် ကောင်းကောင်းကြီး မှတ်မိလိုက်သည်။

ထိတ်လန့်အံ့ဩခြင်းနှင့်အတူ ခါးမှကိုင်၍ မြှောက်ချီထားသော သူ့သားကလေးကို ဆတ်ကနဲ ဘေးသို့ တွန်းဖယ်လိုက်သည်။

ကလေး၏ ကိုယ်ပေါ်တွင်ကား စောင်ပါးပါးတစ်ထည်ကို ကိုရင်သက်န်း ဝတ်သလို ခြုံလွှားထားသည်။

ကလေးငယ်လေး မြဒင်သည် စောင်ကို သင်္ကန်းရုံသလို ကိုးယိုးကားရား ရုံထားရာမှ ကွတကွတဖြင့် သူ့မိခင်ထံသို့ ပြေးသွားသည်။

မြမေသည် ကလေးကို ကျစ်ကျစ်ပါအောင် ထွေးပိုက်လိုက်ရင်း အောင်ဗလကို အံ့ဩငေးမောကြည့်နေလေသည်။

အောင်ဗလသည် မြမေကို တစ်ချက်မျှပြုံး၍ နှုတ်ဆက်လိုက်သည်။

ဦးဘဒင်သည် အံ့ဩတွေဝေနေရာမှ တစ်စုံတရာကို သတိရသွားဟန်နှင့် ဆတ်ကနဲ မတ်တပ်ထရပ်လိုက်သည်။

"ဒီမှာ ဦးဘဒင် ယောကျ်ားကောင်းတစ်ယောက်မှာ အရေးကြီးဆုံး အရည်အချင်းဟာ ကတိသစ္စာပဲ၊ ခုအချိန်မှာ ကျွန်တော့်ကို ခုခံဖို့ ကြိုးစားတယ်ဆိုရင် ကျွန်တော့်လက်က ခင်ဗျား သေနတ်ကို သွားယူနေတဲ့ အချိန်အထိ စောင့်နိုင်မှာမဟုတ်ဘူး၊ ခင်ဗျားကို ပစ်ရလိမ့်မယ်၊ အဲဒါဟာ ကျွန်တော့်ကို ရန်မူတဲ့အတွက် ပစ်ရတာ ဖြစ်လိမ့်မယ်၊ ဒါပေမယ့် အဲဒီ တစ်ချက်တည်းနဲ့ ကျွန်တော် ကျေနပ်လိမ့်မယ် မဟုတ်ဘူး၊ အလွန် သတ္တိရှိတဲ့တော်လှန်ရေးသမားကောင်းတစ်ယောက်ပီပီ ကျွန်တော့်အဖေအတွက် နောက်ထပ် တစ်တောင့်ကြွေးကတော့ ဆပ်ရဦးမှာပဲ"

ဦးဘဒင်သည် တုန်လှုပ်ချောက်ချားစွာ ငူငူကြီး ရပ်နေလေသည်။

www.burmeseclassic.com


"အဲဒီတော့ ဦးဘခင်ရယ်. . သိပ်ပြီး လှုပ်လှုပ်ရှားရှားလုပ်ဖို့ မကြိုးစားဘဲ မူလက အကြွေးဖြစ်တဲ့ ကျည်ဆံတစ်တောင့်အကြောင်းသာ ဆွေးနွေးကြရအောင်ဗျာ၊ မကောင်းဘူးလား ဟဲ. . ဟဲ. . "

ဦးဘခင် ခေါင်းငိုက်စိုက် ကျသွားသည်။

'အီ' ကနဲ ရှိုက်လိုက်သော မြမေ၏အသံကို သဲ့သဲ့ကြားလိုက်ရသည်။

ဘာကိုမျှ မသိရှာသော ကလေးငယ်သည် သူ့အဖေနှင့် အမေကို တစ်လှည့် အောင်ဗလကို တစ်လှည့်ကြည့်ကာ တွတ်တီးတွတ်တာ ပြောနေရှာသည်။

"ဖေဖေကြီး ဒီဦးဦးက ဘာလာလုပ်တာလဲဟင်၊ သူက ဘာပြုလို့ သေနတ်ကြီး ကိုင်ထားရတာလဲ၊ အဲလိုသေနတ်မျိုး ဖေဖေကြီးမှာလဲ ရှိတယ်နော်"

ကလေးငယ် အောင်ဗလအနီးသို့ ပြေးလာပြီး အောင်ဗလသေနတ်ကို ပွတ်ကြည့်ရှာသည်။

အောင်ဗလသည် နည်းနည်းတော့ဖြင့် စိတ်လှုပ်ရှားမိသည်။ တကယ်တော့ ဤကလေးငယ်သည် သူ့ကလေးသာလျှင် ဖြစ်သင့်သည်။ မြမေသာ အခုလို ဦးဘခင်နောက် ကောက်ကောက်ပါအောင် လိုက်မသွားဘူး ဆိုရင်ပေါ့။

ကလေးငယ်၏ခေါင်းကို အသာအယာပွတ်သပ်၍ ဘေးသို့ ဖြည်းဖြည်း တွန်းဖယ်လိုက်သည်။

မြမေသည် ထောင့်ငါးရာစိတ်များ ကုန်ခမ်းသွားဟန်တူသော မိခင်တစ်ဦးသဖွယ် ပြဿနာဖြစ်နေကြသော ယောကျ်ားနှစ်ယောက်ကို ဂရုမပြုနိုင်အားဘဲ သူ့သားငယ်ကလေးအတွက်ကိုသာ အရေးထားဟန် တူသည်။ ကလေးကို ပွေ့ချီ၍ အိမ်နံရံထောင့်ကွေးဆီသို့ ပြေးကပ်လေသည်။ ဘာပြောရမှန်းမသိသော မိန်းမတို့၏ ကြောက်အားလန့်အား သဘာဝအတိုင်း တွေ့ကရာစကားများကိုသာ ထပ်ထပ်ရွတ်ဆိုနေတော့သည်။

www.burmeseclassic.com

 www.burmeseclassic.com 

"အောင်ဗလရယ်. . ငါတောင်းပန်ပါတယ်၊ အောင်ဗလရယ်. . ငါ တောင်းပန်ပါတယ်"

အောင်ဗလသည် မြမေကို လုံးလုံး ဂရုမစိုက်တော့ချေ။

အလွန် ထိတ်လန့်ကြောက်ရွံ့နေရှာသော၊ တစ်နည်းအားဖြင့် သူ ဘယ်တုန်းကမှ မမြင်ခဲ့ဖူးသော ဦးဘဒင်၏မျက်နှာအိုကြီးကိုသာ အထက် စီးဖြင့် ကြည့်လိုက်သည်။

"ကျွန်တော် သစ္စာရှိပါတယ် ဦးဘဒင်၊ ဟောဒီမှာ ကြည့်"

အောင်ဗလသည် သူ၏ ခြောက်လုံးပြူးအတွင်းမှ ကျည်ဆံ ခြောက် တောင့်စလုံးကို ထုတ်ပစ်လိုက်သည်။ ဆုံလည်အတွင်းသို့ ကျည်ဆံ တစ် တောင့်တည်း ပြန်ထည့်လိုက်သည်။ ကျည်ငါးတောင့်ကိုမူ ဘောင်းဘီ အိတ်ထဲ ပြန်ထည့်လိုက်သည်။

ဆုံလည်ကို မွတ်နေအောင် လှည့်ပြီး သေနတ်အိမ်အတွင်းသို့ 'ကလပ်' ကနဲ ပြန်ထည့်လိုက်သည်။ သဘောမှာ စောစောက ထည့်လိုက် သော ထိုကျည်ဆံတစ်တောင့်သည် သေနတ်ခလုတ်နှင့် ပုံမှန်နေသား တကျ ရှိမရှိ ဘယ်သူမျှ မရှိနိုင်။

ဒိုပါစို့၊ ယခု သေနတ်မောင်းကို ဆွဲလိုက်လျှင် စောစောက ကျည် ဆံနှင့် တိုက်ရိုက် ထိမထိ ကျည်ဆံထွက်မထွက် မည်သူမျှ မသိနိုင်။

သို့သော်. .

"စိတ်မပူပါနဲ့ ဦးဘဒင်၊ လေးငါးခြောက်နှစ်တာကာလအတွင်း ကျွန်တော်ဟာ အဲသည်လိုပဲ ကျည်ဆံကို ဆုံလည်ထဲလှည့်၊ ပြီးတော့ ကံ စမ်းမဲဖောက်သလို ပစ်ကြည့်တယ်၊ ဘယ်တော့မှ မလွဲဘူးဗျ၊ တစ်ချက် ပစ်ရင် အဲဒီတစ်ချက်ဟာ သေနတ်သံတစ်ချက် ထွက်တယ်၊ ရှင်းရဲ့လား ဦးဘဒင်"

ကြက်ကလေးများ၊ ငှက်ကလေးများ၊ ခွေးကလေး ကြောင်ကလေး များသည်ပင်လျှင် အရွယ်အိုမင်းလာသည်နှင့်အမျှ နောက်တက်လာသော အရွယ်ငယ်များကို အထင်သေး၍မရနိုင်ကြောင်း၊ လျင်မြန်ဖျတ်လတ်မှု

www.burmeseclassic.com

 www.burmeseclassic.com 

သည် နုပျိုလန်းဆတ်ခြင်းအပေါ်တွင် မူတည်ကြောင်း ဦးဘဒင် ကောင်းမွန်စွာ သိနေပါပြီ။

အထူးသဖြင့် သေရမှာကို ဘယ်တုန်းကမျှ မကြောက်ခဲ့သော ဦးဘဒင်သည် သားသမီးတည်းဟူသော သံယောဇဉ်က သူ၏ဇက်ကြိုးကို တုံ့ကနဲ ဆွဲလိုက်သော ယခုအချိန်တွင်ကား သေမင်းကို သူသည် မလေးစားဘဲ မနေနိုင်တော့ချေ။ ထို့အတူ ကတိတစ်လုံးကို ဘယ်တုန်းကမျှ မဖျက်ဖူးသော ဦးဘဒင်သည် အောင်ဗလ၏ ကျည်ဆံတစ်တောင့်အကြွေးကို မပေးဆပ်ဘဲ နေရမှာလည်း ရှက်ကြောက်နေသည်။ ထို့ကြောင့် အကောင်းဆုံးစကားကို သူ ဆိုလေသည်။

"မောင်အောင်ဘညိုရယ်. ."

"မဟုတ်ဘူး ဦးဘဒင်၊ ကျွန်တော့်နာမည်က အောင်ဗလပါ၊ အောင်ဘညိုဆိုတာ ခင်ဗျားသတ်ခဲ့တဲ့ ကျွန်တော့်အဖေ ဟား. . ဟား. . ဟား"

"အေး. . အေး မောင်အောင်ဗလရယ်၊ ငါဟာ ကတိတစ်လုံးကို အသက်ထက်မက်တဲ့လူပါ၊ ဒါပေမယ့် ငါ့သားလေး ရှင်မပြုခင်အတွင်း ငါ မသေပါရစေနဲ့ကွာ"

"မရဘူး ဦးဘဒင်၊ ကျွန်တော် အခုကို ပစ်ချင်နေတယ်၊ လက်ကို ယားနေတာပဲဗျာ"

"သဘက်ခါမှ ပစ်ပါလားကွာ"

"မရဘူး. . မရဘူး"

အောင်ဗလသည် သေနတ်ကို ဦးဘဒင်၏ မျက်နှာတည့်တည့်ကို ချိန်လိုက်သည်။

မြမေ၏ ငိုသံသည် စီကနဲ ညံသွား၏။ သူတို့အိမ်သည် ရှင်ပြုအလှူတော်မင်္ဂလာအိမ်နှင့် မတူဘဲ မသာအိမ်နှင့် တူသွားသည်။

အိမ်အပြင်ဘက်တွင် ထင်းဖြတ်၊ ရေခွေးတည်၊ ကြက်သွန်လှီး၊ သား၊ ငါးထွင် နွှင်နေကြသော အသိုင်းအဝိုင်းများသည်လည်း အိမ်ပေါက်ဝသို့ ပြေးလာ စုရုံးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မြမေသည် ကလေးငယ်ကို တစ်ဘက်ကချီရင်း အောင်ဗလ ခြေထောက်ကို ပြေးဖက်သည်။ အောင်ဗလကို ရှိုက်ကြီးတငင် တောင်းပန်ရှာသည်။ ထိုမြင်ကွင်းသည် ဦးဘဒင်အဖွက် အသည်းခိုက်အောင် ရင်နာစေလေသည်။

ဦးဘဒင်၏ ဒူးခေါင်းတွင် ခြင်ဆီများ မရှိတော့ဘိသည့်အလား မေ့လျော့ ညွတ်ကျသွားသည်။ ဦးဘဒင် ဒူးထောက်လျက်သား ဖြစ်သွားသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မကျဖူးသော မျက်ရည်ပူများ ကျလာသည်။

"ငါ့ညီရယ်. . "

"ဟား. . ဟား. . ဟား. . ခင်ဗျားလောက် အသက်ကြီးနေတဲ့ လူက ကျုပ်ကို ငါ့ညီ မခေါ်ပါနဲ့"

"အေး. . အေးပါ ငါ့တူရယ်၊ ဦးကို နက်ဖြန်တစ်ရက်ကလေးတော့ ခွင့်ပြုပါကွယ်၊ သားလေးကို ကိုရင်အဖြစ်နဲ့ ခဏမြင်ရပြီးရင် ဦးသေပျော်ပါတယ်ကွယ်၊ တောင်းပန်ပါတယ်၊ ဦး ဘယ်လောက် ကတိတည်တယ်ဆိုတာ မင်းအသိပါကွာ၊ ဒီတော့. . "

"မရဘူး၊ မရဘူး၊ အောင်ဗလဆိုတဲ့ကောင်က ဗူးဆိုရင် သခွားသီး မသီးတတ်ဘူး"

သေနတ်မောင်းကို တင်လိုက်သည်။

ထိုအချိန်တွင် ဦးဘဒင်၏ စိတ်သည် ငယ်မူပြန်လာသည်။ ငယ်သတ္တိတို့ ပြန်ပေါ်လာသည်။ မေးကြောကြီးများ တင်းလာသည်။ မျက်လုံး ဝင်းဝင်းတောက်လာသည်။

မေ့မျောလုမတတ် ငိုယိုနေသော မြမေ၏မျက်နှာကို အောင်ဗလ တစ်ချက် ကြည့်လိုက်သည်။ အလွန် လှုကြီးဆန်သော အပြုံးကို ပြုံးလိုက်သည်။ တစ်ဆက်တည်းမှာပင် အိမ်ပေါက်ဝဆီသို့ ချာကနဲ လှည့်ထွက်လာခဲ့သည်။

ထိုအချိန်တွင် ဦးဘဒင်ကိုယ်တိုင်လည်း ရှိုက်ကြီးတငင် ငိုနေလေ

www.burmeseclassic.com

 www.burmeseclassic.com 

သည်။

ထိုအချိန်တွင်ပင် အမှတ်မထင် ဖြစ်ရပ်တို့ ဖြစ်ပေါ်သွားသည်။ အောင်ဗလသည် ဦးဘဒင်ဘက်သို့ ချာကနဲ လှည့်၍ သေနတ်ခလုတ်ကို ဖြုတ်လိုက်လေသတည်း။

အံ့ဩဖို့ကောင်းသည်မှာ အောင်ဗလ ပြောခဲ့သည့်အတိုင်း ကျည်ဆံတစ်တောင့်ကို ဆုံလည်အတွင်း ထည့်၍ လှည့်လိုက်ပြီး ထိုကျည်ဆံ ဘယ်နေရာ ကျမှန်းမသိဘဲ ဆုံလည်ကို ပြန်ပိတ်လိုက်ပါလျက်ကယ်နှင့် အောင်ဗလ ခလုတ်ဖြုတ်လိုက်သောအခါ မောင်းတံနှင့်ကျည်ဆံ တစ်ထပ်တည်း ကျသွားသည်။ 'ဒိုင်း' ကနဲ သေနတ်သံတစ်ချက် ထွက်သွားသည်။

အောင်ဗလသည် လေးငါးနှစ်တာကာလအတွင်း အလွန် ကျွမ်းကျင်သော သေနတ်ပစ်သမားကောင်းတစ်ယောက် ဖြစ်နေပြီ မဟုတ်လား။

တစ်ချိန်က ဦးဘဒင် ရယ်မောသကဲ့သို့ ဟက်ဟက်ပက်ပက် ဩဩကြီး ရယ်မောသံနှင့်အတူ အိမ်အပြင်ဘက်သို့ ထွက်သွားလေတော့သည်။ အောင်ဗလ၏မျက်နှာတွင် အောင်မြင်ခြင်းအပြည့်အဝနှင့်။

ဦးဘဒင်၏ အိမ်အတွင်း၌ ကျန်ရစ်ခဲ့သော အဖြစ်အပျက်များနှင့် ပတ်သက်၍ အနည်းငယ်မျှ ရှင်းပြပါရစေ။

မြမေသည် အရူးတစ်ပိုင်းပမာ ငေးကြောင်နေလေသည်။

ကလေးငယ်သည် ဘာမှမသိစွာနှင့် အံ့ဩငေးမောနေလေသည်။ အထူးခြားဆုံးမှာ ဦးဘဒင် ဖြစ်သည်။ သူ့တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးလောက်အောင် ထိတ်လန့်တုန်လှုပ်စွာ ကြောင်တွေတွေ ဖြစ်နေသည်။

ဦးဘဒင်၏ တစ်ကိုယ်လုံးတွင် သေနတ်ဒဏ်ရာ တစ်ချက်မျှ မရှိချေ။

သို့သော် ဦးဘဒင်၏ နောက်ကျောနံရံတွင် ချိတ်ဆွဲထားသော ဂျပန်စစ်ဝတ်စုံနှင့် မားမားကြီး ခန့်ခန့်ကြီး ရိုက်ကူးထားသည့် ဦးဘဒင်၏ ဓာတ်ပုံကြီးတွင်ကား နဖူးတည့်တည့်နေရာတွင် ကျည်ဆံရာ တစ်ပေါက် ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

 www.burmeseclassic.com 

ထိုအဖြစ်အပျက်ကို သတိဝင်လာလျှင် ဝင်လာခြင်း ဦးဘဒင်သည် ထိုင်နေရာမှထ၍ တံခါးပေါက်မှ ပြေးထွက်လာခဲ့သည်။

သူ အိမ်အပြင်ရောက်သောအခါ ချောင်းတစ်ဘက်ကမ်းဆီသို့ မြင်းကိုနှင်လျက် အေးဆေးစွာ ထွက်သွားသော အောင်ဗလကို ပျပျသာ မြင်ရလေတော့သည်။

ဦးဘဒင် ချောင်းစပ်ဆီသို့ ပြေးဆင်းသွားသည်။

သူ့၌ ရှိသမျှသော အစွမ်းကုန်ဖြင့် အရူးကြီးတစ်ယောက်ပမာ အော်ဟစ်လိုက်လေသည်။

"ဟေ့. . အောင်ဗလ ငါ့ကို တစ်ခါတည်း အသေသတ်သွား၊ အချိန်ရှိသမျှ သေနေအောင် မလုပ်ပါနဲ့ကွာ၊ ဟေ့. . အောင်ဗလ"

ကြက်လည်မျို ညှစ်လိုက်ဘိသကဲ့သို့ ဦးဘဒင်အသံ တိမ်ဝင်သွားသည်။

ချောင်းစပ်တွင် ဒူးထောက်ကျသွားသည်။

ဦးဘဒင် ဟီးချ၍ ငိုနေသည်။

အောင်ဗလ တစ်ချက်မျှ လှည့်မကြည့်။

ဩော်. . ဝဋ်လည်ပြီ. . ။

လေးစားသော

သုမောင်

၅. ၁၀. ၈၀



www.burmeseclassic.com